# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် | ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၃၄၉)


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ပဝင်(ဓမ္မပဒ-၅၃)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံ

**မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

## အဓမ္မခိုင်းစေမှုများကို ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်မှစတင်၍ ILO နှင့် ပူးပေါင်းကာ တိုင်ကြားမှုယန္တရားထူထောင်ပြီး အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။

၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism –NCM) ထူထောင်ရေးဆောင်ရွက်လျက်ရှိရာ အဆိုပါယန္တရား ထူထောင်ဆဲကြားကာလတွင် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ(High Level Working Group- HLWG) မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ mol@mptmail.net.mm, molipoffice@gmail.com , research.org. dol.mm@gmail.com ဖုန်းနံပါတ်နှင့် email လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့နှင့် လွှတ်တော်

ဆောင်းပါး စာ » ၆

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

စာ » ၁၀

## အမေရိကန်သမ္မတ ထရမ့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံလိုကြောင်း ပြောကြား

စာ » ၁၅


စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ ...

ထွန်းရွှေဝါ ဒဏ်ကြေလိမ်းဆေးက ဆေးစွမ်းထက်ပါသည်။

မြန်မာ့အလင်း

# ပူးပေါင်းဆောင်ရွက်မှုတို့မြှင့်တင်

ဒီမိုကရေစီဆိုသော နိုင်ငံရေးဝေါဟာရက နိုင်ငံသူ နိုင်ငံသား ပြည်သူလူထု အပေါ် ဆွဲငင်နိုင်စွမ်းရှိသည့် ဝေါဟာရတစ်ခုပင်ဖြစ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့ကို ဒီမိုကရေစီစနစ်တွင်သာ တွေ့ရှိနိုင်ခြင်းဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံ အသီးသီးရှိ နိုင်ငံရေးစနစ်အမျိုးမျိုးတို့အနက် ဒီမိုကရေစီစနစ်ကို အမှန်တကယ် ကျင့်သုံးခြင်းမရှိသော၊ ဒီမိုကရေစီစံနှုန်းကင်းမဲ့သော နိုင်ငံများမှ အုပ်စိုးသူအစိုးရများကလည်း မိမိတို့သည် ဒီမိုကရေစီကို ကျင့်သုံးကြောင်း ဖွင့်ဆိုမြွက်ဟကြကာ ပြည်သူလူထုအပေါ် လှည့်ဖြားလေ့ရှိကြသည်။

တရားမျှတသည်ဟုဆိုရာတွင် လူမျိုး၊ ဘာသာ၊ ယောကျ်ား၊ မိန်းမ၊ ဆင်းရဲ၊ ချမ်းသာမရွေး နိုင်ငံသားမှန်သမျှ တရားဥပဒေအရာတွင် အညီအမျှ ဖြစ်ခြင်း၊ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့် ပြည်သူ့ကျန်းမာရေးတို့နှင့် မဆန့်ကျင်လျှင် မိမိတို့ယုံကြည်ရာကို ကိုးကွယ်နိုင်ခြင်း၊ ပညာသင်ယူရာတွင် လည်းကောင်း၊ ဥစ္စာစီးပွားရှာဖွေရာတွင်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်ကြရာတွင်လည်းကောင်း နိုင်ငံသားမှန်သမျှ အညီအမျှ တရားမျှတစွာ ခံစားနိုင်ခြင်း။ လွတ်လပ်သည်ဟုဆိုရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအပင်းများ ဖွဲ့စည်းခွင့်၊ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ စီးပွားရှာဖွေခွင့်တို့ကို နိုင်ငံသားတိုင်းက ခံစားနိုင်ခွင့်။ ညီမျှသည်ဟုဆိုရာတွင် နိုင်ငံသားတို့၏ အခွင့်အရေးများ တွင်လည်းကောင်း၊ တရားဥပဒေအရာတို့တွင် လည်းကောင်း အညီအမျှ ခံစားခွင့်တို့ဖြစ်သည်။ ဆိုခဲ့ပြီးသည့် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဟူသော လောကပါလတရားတို့ ထွန်းကားသည်နှင့်အမျှ ငြိမ်းချမ်းသာယာမှုကို ရရှိခံစားကြရမည်လည်း ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် အရေးကြီးဆုံးအချက်မှာ အချုပ်အခြာအာဏာ၏ မူလပိုင်ရှင်သည် ပြည်သူလူထုဖြစ်သည်ကို အသိအမှတ်ပြုထားခြင်း ဖြစ်ပြီး အစိုးရက ပြည်သူတို့၏ ဆန္ဒကို အကောင်အထည်ဖော်နေခြင်း ဖြစ်သည်ဟု အလေးအနက်ခံယူထားခြင်းပင်ဖြစ်သည်။ တစ်သွေး-တစ်သံ-တစ်မိန့်ဖြင့် ဆောင်ရွက်သည့် စနစ်မဟုတ်ဘဲ ပြည်သူလူထု၏ အကျိုးစီးပွား အတွက် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ ပြည်သူ့ဆန္ဒကို အလေးထားမှုတို့ဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုရယူကာ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေရမည်ဖြစ်သည်။ လာမည့် စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျရောက်မည့် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၏ ဆောင်ပုဒ်မှာ "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့-**Participation**"ဟူ၍ ဖြစ်သည်။ ဦးတည်ရာတူညီခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့ဖြင့်သာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် မိမိတို့နိုင်ငံဖွံ့ဖြိုးရေးအတွက် လိုအပ်နေသည့် နိုင်ငံရေးဖွံ့ဖြိုးမှု **(Political Development)** ကို ရရှိနိုင်မည်ဟူ၍ သတိချပ်ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးဆောင်သည်မှာ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်သည်ဟူ၍ ပညာရှင်များ၏ အဆိုအမိန့်ရှိသည်။ တစ်နည်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၏ အခြေခံမှာ နိုင်ငံရေးနယ်ပယ်၌ ရှိနေခြင်းဖြစ်သည်ဟု ယူဆခြင်းပင် ဖြစ်သည်။ နိုင်ငံ့အရေးအရာများတွင် ပြည်သူများက ပူးပေါင်းပါဝင်ခြင်း၊ ယင်းသို့ ပူးပေါင်းပါဝင်နိုင်ရန်အတွက် အင်စတီကျူးရှင်းများ ဖွဲ့စည်းထားရှိခြင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးများနှင့် ပြည်သူလူထုအကြား အဆက်အစပ် အားကောင်းစေရေးအတွက် ဒီမိုကရေစီနည်းလမ်းများနှင့် ကျင့်စဉ်များ ကျင့်သုံးခြင်းတို့ဖြင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရန် ပြုစုပျိုးထောင်မှုများကို ဆောင်ရွက်သွားကြရမည်လည်း ဖြစ်သည်။ ယင်းသို့ နိုင်ငံရေးဖြစ်စဉ်တွင် ပြည်သူများပါဝင်မှု တိုးတက်သည်ထက် တိုးတက်လာအောင်၊ မြင့်မားသည်ထက် မြင့်မားလာအောင် အမြဲကြိုးပမ်းရမည့် တာဝန်မှာ အစိုးရ (တစ်နည်းအားဖြင့်) ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်ကြီးတို့၏ တာဝန်ဖြစ်သည်ဟူ၍လည်း ပညာရှင်တို့က ဆိုမိန့်ထားသည်။

ပူးပေါင်းဆောင်ရွက်မှုသည် ဒီမိုကရေစီရှင်သန်ရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်သာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ဘဝ သာယာဝပြောရေးတို့အတွက်ပါ အခြေခံအကျဆုံး ဖြစ်သည်ကို နားလည်ယုံကြည်ကာ ပူးပေါင်းဆောင်ရွက်မှုတို့ မြှင့်တင်နိုင်ကြပါစေကြောင်း။ ။




## နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၃

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၉)ကို စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်က နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များ၊ ပြုပြင်ရန်လိုအပ်ချက်များ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများ Overlap မဖြစ်စေရေး၊ အချိတ်အဆက် ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး၊ ဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများသည် ဒေသအတွက် အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းများဖြစ်စေရေး၊ သွက်လက်မှန်ကန်မြန်ဆန်ပြီး စနစ်တကျဖြစ်စေရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးတင်ပြကြရန် ဖြစ်ကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များ ချမှတ်၍ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများရေးဆွဲပြီး လုပ်ငန်းများကို Myanmar Sustainable Development Plan၊ Project Bank တို့ဖြင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်ထောင်စုတစ်ဝန်းလုံး နယ်စပ်ဒေသ၊ ပြည်မအကြား ဖွံ့ဖြိုးမှုကွာဟချက် မရှိစေဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့စေရေး၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာငွေခွင့်ပြုဝင်ဆံ့မှု ဘောင်အတွင်းမှ ခွဲဝေရရှိသည့် ရန်ပုံငွေနှင့် ဘတ်ဂျက်ကို အခြေခံသည့် လုပ်ငန်းစီမံကိန်းများကို ရေးဆွဲရာတွင် နိုင်ငံနှင့်ပြည်သူအကျိုးရှိစေမည့်လုပ်ငန်း၊ ပကတိလိုအပ်ချက်နှင့် ကိုက်ညီသည့် လုပ်ငန်းများကို ဦးစားပေးအလိုက် ရွေးချယ်သတ်မှတ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့် တင်ပြအတည်ပြုချက်ရယူ၍ ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် တာဝန်ရှိသူများအနေဖြင့် Standard Operating Procedure (SOP) နှင့်အညီ ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း၊ ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျစိစစ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ မူဝါဒများနှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အားသာချက်၊ အားနည်းချက်၊ ရှေ့ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း) ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအခြေအနေများ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည့် အစီအမံများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ




**ရန်ကုန် စက်တင်ဘာ ၁၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ကြီးကြပ်လမ်းညွှန် ဆောင်ရွက်ခြင်း အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်(ရန်ကုန်တိုင်းဒေသကြီး တာဝန်ခံ)၊ ရန်ကုန် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်၊ အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ခရိုင်ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၂၀ ရွေးကောက်ပွဲကို ဟန်ပြမဟုတ်ဘဲ စံပြအဖြစ် ဆောင်ရွက်မည်ဟု ပြောကြားလိုပါကြောင်း၊ ထိုသို့ ပြောကြားရ ခြင်းမှာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အများယုံကြည်လေးစား ခြင်းခံရသော ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အားလုံး စံ(၅)ချက်နှင့်အညီ ဆောင်ရွက်ကြမည်ဆိုသည်ကို အမှန်တကယ်ယုံကြည်ကိုးစား၍ ပြောကြားခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ တွင် မဲဆန္ဒရှင်စာရင်းသည် အကျယ်ပြန့်ဆုံး၊ အကြီးမားဆုံး လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူ နိုင်ငံသားတိုင်း မဲဆန္ဒရှင် စာရင်းတွင် ပါဝင်ရေး အလေးထားဆောင်ရွက်ပေးကြပါရန်နှင့် သတ်မှတ်ချိန်မီပြီးစီးရေးအတွက် တိုက်တွန်းလိုပါကြောင်း၊ ကော်မရှင်တွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်း လမ်းညွှန်များကို ကျွမ်းကျင်အောင် လေ့လာထားပြီး ရွေးကောက်ပွဲလုပ်ငန်းများကို ကြီးကြပ်နိုင်စွမ်းရှိအောင်နှင့် ၂၀၂၀ ရွေးကောက်ပွဲကို ချောမောအောင်မြင်စွာ ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

**သတင်းစဉ်**



# NDI အနေဖြင့် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများစိစစ်သုံးသပ်ခြင်း ဆွေးနွေးမှုစာတမ်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Edmond Efendija (Senior Legislative Strengthening Adviser) ဦးဆောင်သော National Democratic Institute (NDI) အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် NDI အနေဖြင့် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများစိစစ်သုံးသပ်ခြင်း ဆွေးနွေးမှုစာတမ်းနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များ၊ ဥပဒေပြုရေးစောင့်ကြည့်ခြင်းနှင့် ကိုယ်စားပြုခြင်းဆိုင်ရာကိစ္စရပ်များတွင် ကူညီပံ့ပိုးသွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၀ တွင်လည်း NDI အနေဖြင့် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမြင့်သိန်း၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင် ဦးတင်အောင်ချို့နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့ စတုတ္ထအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမညီလာခံ ၂၀၁၉ သို့ တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင် အထူး အုပ်ချုပ်ခွင့်ရဒေသတွင် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သော 4th Belt and Road Summit 2019 သို့ တက်ရောက်သည်။ **(ယာပုံ)**

4th Belt and Road Summit 2019 အား ဟောင်ကောင်အထူးအုပ်ချုပ်ခွင့် ရဒေသ အစိုးရနှင့် ဟောင်ကောင်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကောင်စီတို့မှ ကြီးမှူး၍ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်တွင်ရှိသည့် နိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ စတုတ္ထအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမညီလာခံ ၂၀၁၉ ကျင်းပခြင်းဖြင့် တက်ရောက်လာသည့် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အတွေးအမြင်များ ဖလှယ်နိုင်ခြင်း၊ အစိုးရကဏ္ဍမှ အဆင့်မြင့်အရာရှိကြီးများနှင့် ပုဂ္ဂလိကကဏ္ဍမှ ခေါင်းဆောင်များအကြား ခိုင်မာသည့် စီးပွားရေးအခွင့်အလမ်းများအား ဖော်ထုတ်နိုင်ခြင်းတို့ကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ ညီလာခံသို့ ရပ်ဝန်းနှင့် ပိုးလမ်းမ တစ်လျှောက်တွင်ရှိသည့် နိုင်ငံပေါင်း ၆၉ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စတုတ္ထ အကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ကျင်းပသော Policy Dialogue Session and Luncheon သို့ ဆက်လက်တက်ရောက်ခဲ့သည်။ အဆိုပါ အစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးက Panelist အဖြစ် ပါဝင်ဆွေးနွေးခဲ့ရာတွင် ဟောင်ကောင်နှင့် မြန်မာနိုင်ငံသည် မဟာဗျူဟာကျသည့် တည်နေရာတွင်ရှိနေသည့် နိုင်ငံများဖြစ်ကြောင်း၊ ဟောင်ကောင်သည် တရုတ်နိုင်ငံသို့ သွားရောက်နိုင်သည့် အဓိကစီးပွားရေးဝင်ပေါက်တစ်ခုဖြစ်ပြီး ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဗဟိုချက်ဒေသတစ်ခုလည်းဖြစ်ကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ဒေသတစ်ခုဖြစ်သလို မြန်မာနိုင်ငံသည်လည်း စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံဖြစ်သည့်အတွက် နှစ်နိုင်ငံအကြားသော်လည်းကောင်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမတစ်လျှောက်တွင်ရှိသော နိုင်ငံများနှင့်သော်လည်းကောင်း အကျိုးကျေးဇူးများကို မျှဝေခံစားလျက် အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ညနေပိုင်းတွင် Dashun Foundation မှ တည်ခင်းဧည့်ခံသည့် Belt and Road ASEAN Night တွင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စက်တင်ဘာ ၁၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Belt and Road Annual Roundtable အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးရာ၌ ယခုအခါ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာနိုင်ငံများတွင် စီးပွားရေးလွယ်ကူချောမွေ့စေရေးအတွက် ဖြေလျှော့ပေးမှုများရှိနေသကဲ့သို့ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒများကို ကျင့်သုံးနေသည်လည်း ရှိပါကြောင်း၊ အဆိုပါနိုင်ငံစုံနှင့် ဒေသဆိုင်ရာအုပ်စုတွင်ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများနှင့်သာမက ဆွေးနွေးဖက်နိုင်ငံများနှင့်ပါ ချိတ်ဆက်၍ ကုန်သွယ်မှုအဆင်ပြေချောမွေ့စေရန် ဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် ဆိပ်ကမ်းနှင့် ရေနံပိုက်လိုင်းချိတ်ဆက်မှုမှာ ကျောက်ဖြူမှ ဂွမ်ဆီ-ယူနန်အထိ ချိတ်ဆက်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအစိုးရမှ ရေးဆွဲထားသော Myanmar Sustainable Development Plan သည်လည်း Belt & Road Initiative အကောင်အထည်ဖော်မှုအား ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ထောက်ပံ့ပို့ဆောင်မှုကဏ္ဍ၊ စက်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ချိတ်ဆက်မှု တိုးမြှင့်ခြင်းဖြင့် အထောက်အကူပြုမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် Chief Executive of the Government of the Hong Kong SAR ၏ အမှုဆောင်အရာရှိချုပ် Mrs. Carrie Lam နှင့် Commerce and Economic Development of the Government of the Hong Kong SAR ၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးတိုးတက်မှု အတွင်းရေးမှူးဖြစ်သူ Mr. Edward Yau တို့နှင့် အသီးသီးတွေ့ဆုံခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးကိစ္စရပ်များနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်နှင့် ဌာနဆိုင်ရာ ကိုယ်စားလှယ် နှစ်ဦး လိုက်ပါသွားကြပြီး ယနေ့ ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❈ *ကျောဖုံးမှ*

INGO ၊ NGO များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်တွင် ပြဋ္ဌာန်းခဲ့ရာ အဆိုပါနေ့ကိုပင် မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ၂၀၁၃ ခုနှစ်ကတည်းက သတ်မှတ်ကျင်းပခဲ့ရာ ယခုဆိုလျှင် သတ္တမအကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါကြောင်း။

**လူကုန်ကူးမှု၏ဆိုးကျိုးများကို ခံစားနေရ**

လူကုန်ကူးမှုပြဿနာသည် လူသားအချင်းချင်းစာနာမှုကင်းမဲ့စွာ ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်ပါကြောင်း၊ လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဖြစ်ပွားလျက်ရှိပြီး လူကုန်ကူးမှုဒဏ်ကို တစ်ကမ္ဘာလုံး ကြုံတွေ့ခံစားနေကြရပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသည့် နိုင်ငံများသည် လူကုန်ကူးမှု၏ဆိုးကျိုးများကို ပိုမိုခံစားနေကြရသည်ကို တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာရုံး (United Nations Office on Drugs and Crime-UNODC)၏ ၂၀၁၈ခုနှစ် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ (Global Report on Trafficking in Persons 2018) ထုတ်ပြန်ချက်တွင် လူကုန်ကူးခံရသူ အရေအတွက် များပြားလာသည်ကို ဖော်ပြထားပါကြောင်း၊အစီရင်ခံစာ၏ ဒေသအလိုက်ဖော်ပြချက်များတွင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်း မြန်မာနိုင်ငံကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ ဒေသတစ်ခုလုံး၏ လူကုန်ကူးခံရသူ အမျိုးအစားကိုကြည့်မည်ဆိုလျှင် အမျိုးသား ၂၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၄၈ ရာခိုင်နှုန်း၊ ကလေးသူငယ်များအနေဖြင့် ယောကျ်ားလေး ၄ ရာခိုင်နှုန်း၊ မိန်းကလေး ၁၉ ရာခိုင်နှုန်း ပါဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ လူကုန်ကူးမှုအမျိုးအစားများတွင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု ၆၀ ရာခိုင်နှုန်း၊ လုပ်အားခေါင်းပုံဖြတ်မှု ၃၈ ရာခိုင်နှုန်း၊ အခြားလူကုန်ကူးမှု ၂ ရာခိုင်နှုန်းပါဝင်ကြောင်း ဖော်ပြထားပြီး အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့် ဂျပန်၊ မွန်ဂိုလီးယား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့တွင် အမျိုးသမီးလူကုန်ကူးခံရမှုအများအပြားကို စိစစ်ဖော်ထုတ်နိုင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် လူကုန်ကူးသူ အမျိုးသမီးတရားခံများကို အများဆုံးတရားစွဲတင်စီရင်ချက်ချမှတ်နိုင်ခဲ့သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပြဿနာ ဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများမှာ စီးပွားရေး၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ စသည့်အခြေအနေများဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံအသီးသီးသို့ တရားဝင်နည်းဖြင့်ဖြစ်စေ၊ တရားမဝင်နည်းဖြင့်ဖြစ်စေ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာမှ လူကုန်ကူးခံနေကြရသည်ကို တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ လူကုန်ကူးမှုများ ပပျောက်စေရန် ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများရေးဆွဲပြီး နှစ်အလိုက်လုပ်ငန်းစီမံချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးစသည့် လုပ်ငန်းကဏ္ဍ(၄)ရပ်ကို အင်တိုက် အားတိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် လူကုန်ကူးမှုအမျိုးအစားများမှာအဓမ္မထိမ်းမြားလက်ထပ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း၊ အဓမ္မခိုင်းစေခြင်း၊ ကလေးသူငယ်လူကုန်ကူးခြင်း၊ ကြွေးမြီဖြင့်နှောင်ဖွဲ့ခိုင်းစေခြင်းဆိုသည့် ပုံစံ(၅)မျိုးရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း လူကုန်ကူးမှုဖြစ်ပွားခဲ့သည့် ကိန်းဂဏန်းများအရ အဓမ္မထိမ်းမြားလက်ထပ်မှု ၇၅ ဒသမ ၂၄ ရာခိုင်နှုန်း၊ အဓမ္မပြည့်တန်ဆာပြုမှု ၁၃ ဒသမ ၅၉ ရာခိုင်နှုန်း၊ အဓမ္မအလုပ်ခိုင်းစေမှု ၈ ဒသမ ၇၄ ရာခိုင်နှုန်း၊ အငှားကိုယ်ဝန်ဆောင်မှု ၁ ဒသမ ၉၄ ရာခိုင်နှုန်း၊ အဓမ္မမွေးစားမှု ၀ ဒသမ ၄၉ ရာခိုင်နှုန်းဖြစ်ပွားခဲ့ပါကြောင်း၊ နိုင်ငံအလိုက် ဦးတည်ဖြစ်ပွားမှုများအနေဖြင့် တရုတ်နိုင်ငံ ၇၉ ဒသမ ၆၁ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံ ၁ ဒသမ ၄၆ ရာခိုင်နှုန်း ဖြစ်ပွားခဲ့ပြီး ပြည်တွင်း ၁၈ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**ထိုက်တန်သည့် လုပ်ခလစာများရရှိရေး**

လူကုန်ကူးမှုဖြစ်စဉ်များတွင် ပြောင်းလဲသွားသည့်အခြေအနေများကို တွေ့ရှိရပြီး နှစ်စဉ်သိသိသာသာ လျော့ပါးသွားခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားနေသည်ကို တွေ့ရှိရပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ အလုပ်အကိုင်များရရှိရေးနှင့် ထိုက်တန်သည့် လုပ်ခလစာများရရှိရေး စီမံဆောင်ရွက်ပေးရန် လိုအပ်သည်ကို တွေ့ရှိရပါကြောင်း။

ဆဋ္ဌမအကြိမ်မြောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ပြီးဆုံးသည့်အချိန်မှစတင်၍ ယနေ့ထိ လူကုန်ကူးမှု ၂၁၀ မှု၊ တရားစွဲတင်ခဲ့သည့် အမှုအရေအတွက် ၁၅၆ မှု၊ လူကုန်ကူးသူတရားခံ အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၃၃၄ ဦးကို ထိရောက်သည့် ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးခံရသူများကို အခြေခံလူ့အခွင့်အရေးများ၊ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ အခွင့်အရေးများနှင့်အညီ လူသားချင်း စာနာထောက်ထားသည့် ရှုထောင့်မှ ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါကြောင်း။

၂၀၀၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ခေတ်နှင့်လျော်ညီသည့်ဥပဒေ၊ နည်းဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲအတည်ပြုနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လုပ်ငန်းအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ လက်အောက်ရှိ တပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်များ တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံဖြတ်ကျော်မှုခင်းအပါအဝင် လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုး ပါဝင်ဆောင်ရွက်လျက်ရှိသည့်အပြင် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၂၉ နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတို့တွင် ဝင်ရောက်ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း။

**ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ဆွေးနွေး**

မြန်မာနိုင်ငံတွင် (၁၉)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့ပြီး (၁၆)ကြိမ်မြောက် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၃၄)ကြိမ်မြောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့အကြီးအကဲများ အစည်းအဝေးတို့ကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ ၂၀၂၅ခုနှစ်၊ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အကောင်အထည်ဖော်ဆောင်ရေးစီမံချက်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အာဆီယံကွန်ဗင်းရှင်း၏ အမျိုးသမီးများနှင့် ကလေးများအနာဂတ်အတွက် လုပ်ငန်းစီမံချက်များ၊ ၂၀၁၇-၂၀၂၀ခုနှစ်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာ (Bohol) လုပ်ငန်းစီမံချက်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သဘောတူညီချက်များ ရယူဆွေးနွေးနိုင်ခဲ့ပြီး နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်သူလူထုအကြား လူကုန်ကူးမှုအန္တရာယ် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် တာဝန်ရှိ အစိုးရအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများသာမက သတင်းမီဒီယာအဖွဲ့အစည်းများကပါ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားလူငယ်များ လူကုန်ကူးမှုအန္တရာယ် အသိပညာများရရှိစေရေးအတွက် အခြေခံပညာ သင်ခန်းစာများတွင် ထည့်သွင်းပို့ချရုံမျှမက အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ တက္ကသိုလ်များ၌လည်း လူကုန်ကူးမှုအန္တရာယ် အသိပညာပြန့်ပွားစေရေးကို ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ စသည့်အဆင့်ဆင့်ဖွဲ့စည်းထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များထံ လူကုန်ကူးမှုနှင့် ပတ်သက်သည့် သတင်းများကို ပြည်သူလူထုက ဆက်သွယ်ပေးပို့နိုင်သည့် နည်းလမ်းများ အလွယ်တကူရှိနေရန် လိုအပ်ပါကြောင်း၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားနေသည့် လူကုန်ကူးမှုများကို ဖြေရှင်းရာတွင် တစ်နိုင်ငံတည်း ဆောင်ရွက်၍ မရနိုင်သည့်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

လူကုန်ကူးမှုအန္တရာယ်အတွင်း မကျရောက်စေရေးအတွက် လူကုန်ကူးသူများကို ဖော်ထုတ်အရေးယူရေး၊ လူကုန်ကူးခံရမည့် အလားအလာရှိသူများကို ကာကွယ်နိုင်ရေး၊ လူကုန်ကူးခံရသူများကို ပြန်လည်ကယ်တင်ရေးနှင့် ဘဝပြန်လည်ထူထောင်စောင့်ရှောက်ပေးနိုင်ရေးတို့အတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **“လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းပူးပေါင်းတို့ကာကွယ်”**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူ နိုင်ငံသားအားလုံး ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှု မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပ



ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တာဝန်ရှိသူများတက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့၌ မြန်မာယူနီကုဒ် စံစနစ်ကူးပြောင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် သတင်းမီဒီယာ၊ စာနယ်ဇင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲနှင့် သံတမန်ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

**မြန်မာယူနီကုဒ် စံစနစ်ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် သတင်းမီဒီယာ၊ စာနယ်ဇင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲနှင့် သံတမန်ခန့်အပ်လွှာ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT Park ရှိ Conference Hall ၌ ကျင်းပသည်။** (ယာပုံ)



**ဝိုင်းဝန်းကူညီဆောင်ရွက်**

ရှေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အမှာစကားပြောကြားရာတွင် မြန်မာယူနီကုဒ်စံစနစ်ကို ကူးပြောင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အောက်တိုဘာ ၁ ရက်မှစတင်၍ အများပြည်သူအကြားတွင်ကျယ်စွာ အသုံးပြုနိုင်ရေး၊ မြန်မာယူနီကုဒ် စံစနစ်နှင့် ပတ်သက်၍ ပိုမိုသိရှိနားလည်ပြီး အသုံးပြုနိုင်ရေးအတွက် မီဒီယာများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ မြန်မာယူနီကုဒ်စံစနစ်သည် နိုင်ငံတော်အစိုးရ၏ e-Government လုပ်ငန်းစဉ် အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပြီး ထိုမှတစ်ဆင့် သတင်းအချက်အလက်နှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် တူညီသည့် စနစ်တစ်ခုကို အသုံးပြုခြင်းဖြင့် အပြန်အလှန် သိရှိနားလည်ပြီး လုပ်ငန်းများ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြောင်းလဲအသုံးပြုသွားမည့် စံစနစ်သည် နိုင်ငံတကာနှင့် ကိုက်ညီသည့် စံစနစ်တစ်ခုဖြစ်သောကြောင့် နိုင်ငံတကာနှင့် ပေါင်းကူးဆက်ဆံရာတွင် သတင်းအချက်အလက်နှင့် နည်းပညာများ သွက်လက်မြန်ဆန်လာမည် ဖြစ်သည့်အတွက် ပြည်သူများနှင့် ထိတွေ့မှုများသော သတင်းမီဒီယာများနှင့် စာနယ်ဇင်းသမားများက ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**အခွင့်အရေးတစ်ရပ်ဖြစ်**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အမှာစကားပြောကြားရာတွင် မြန်မာယူနီကုဒ် စံစနစ်ကို စတင်စိတ်ကူးခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီဖြစ်သော်လည်း ယခုမှ လက်တွေ့အကောင်အထည်ဖော်ရန် စီစဉ်နိုင်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် အလွန်အရေးကြီးသည့် ကိစ္စကြီးတစ်ခုဖြစ်သဖြင့် မီဒီယာများ၏ ပူးပေါင်းပါဝင်မှုအားသည် အဓိကနေရာမှ ပါဝင်နေကြောင်း၊ ပြည်သူအားလုံး လိုက်ပါရန်လိုအပ်ပြီး မိမိတို့နိုင်ငံ၏ ညီညွတ်မှုကို ပြသရန် အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စတင်အကောင်အထည်ဖော်ရာတွင် အခက်အခဲတချို့ရှိနိုင်သော်လည်း အချိန်အနည်းငယ်အတွင်း ပြေလည်သွားမည်ဟု ယုံကြည်ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်၍ မီဒီယာများနှင့် ထပ်မံတွေ့ဆုံရန်ရှိကြောင်း၊ ယခုပြောင်းလဲမှုအတွက် မီဒီယာများ၏အားကို လိုအပ်ကြောင်း၊ မီဒီယာများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားလိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) ဥက္ကဋ္ဌ ဦးမင်းဇေယျာလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းသူရသက်က မြန်မာယူနီကုဒ် စံစနစ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးသောင်းစုငြိမ်းက အများပြည်သူ အသိပညာပေးလုပ်ငန်း အစီအစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာယူနီကုဒ်စံစနစ်ကူးပြောင်းရေး သံတမန်ခန့်အပ်လွှာများကိုပေးအပ်သည်။ အဆိုပါ အခမ်းအနားကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF) တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး မြန်မာယူနီကုဒ်စံစနစ်ကို ပြည်သူများ ပိုမိုသိရှိနားလည်လာနိုင်စေရန်နှင့် တွင်ကျယ်စွာ အသုံးပြုလာနိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်သည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦး၊ သတင်းမီဒီယာများ၊ စာနယ်ဇင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **ဇော်ကြီး၊ ဓာတ်ပုံ-လှမိုး**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်

## မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Ichiro Maruyama နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် စီမံကိန်းများတွင် ဂျပန်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့်ကဏ္ဍများနှင့်ပတ်သက်၍ နှစ်ဖက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့နှင့် လွှတ်တော်

သုတေသီတစ်ဦး (ပြည်ထောင်စု)

**အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် နှစ်စဉ် စက်တင်ဘာလ ၁၅ ရက်နေ့ကို သတ်မှတ်ရန် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပသော (၆၂) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ ဆုံးဖြတ်ခဲ့ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (United Nations- UN) က ဒီမိုကရေစီကြေညာစာတမ်း ထုတ်ပြန်ခဲ့သည့် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အဖြစ် ရွေးချယ်သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂသည် ငြိမ်းချမ်းသာယာရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ ပြည့်မြောက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ဒီမိုကရေစီလူမှုအသိုက်အဝန်းတွင် အလေးထားကာကွယ်စောင့်ရှောက်ရမည့်အရာများဖြစ်သည်ဟု UN က ယုံကြည်ပါသည်။**

### ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်

ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးလျက်ရှိသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံများကို ဂုဏ်ပြုရန်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့များအနေဖြင့် ဒီမိုကရေစီကျင့်စဉ်များကို အားပေးမြှင့်တင်နိုင်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီစိတ်ဓာတ် အစဉ်ရှင်သန်နိုးကြားကြစေရန်၊ ဒီမိုကရေစီကျင့်စဉ် ပြုပြင်ပြောင်းလဲမှုများကို နောင်အနာဂတ်ကာလတွင်ပါ အစဉ်အမြဲလုပ်ဆောင်နိုင်ကြစေရန်၊ ဒီမိုကရေစီလူ့ဘောင်အဖွဲ့အစည်းကို မြှင့်တင်ရန်၊ နိုင်ငံရေးနယ်ပယ်မှ လူငယ်များ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်၊ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုက ပူးပေါင်းပါဝင်လာရန်နှင့် နိုင်ငံတကာတွင် ဒီမိုကရေစီစနစ်ကို ပိုမိုကျင့်သုံးလာစေရန် ရည်ရွယ်၍ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union – IPU) က အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ House of Parliament တွင် ကျင်းပခဲ့ပါသည်။

နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union – IPU) ဆိုသည်မှာ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်ထောင်စုအဆင့် ပါလီမန်များဖြင့် ဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပါသည်။ IPU ကို ၁၈၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဒီမိုကရေစီစနစ် ခိုင်မာစွာဖြစ်ထွန်းရေး၊ ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးအတွက် ကမ္ဘာ့ပါလီမန်များအကြားတွင် ဆွေးနွေးဆောင်ရွက်ကြရန် ရည်ရွယ်ပါသည်။ IPU သည် ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများ တိုးတက်ခိုင်မာရေး၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေး၊ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်လာရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုနယ်ပယ်ဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးဆောင်ရွက်ပါသည်။ IPU ရုံးချုပ်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ မြို့တွင် တည်ရှိပါသည်။

အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခု၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော၊ ထိုနိုင်ငံရှိလူဦးရေကို ကိုယ်စားပြုသော၊ ထိုနိုင်ငံ၏နယ်မြေအတွက် လုပ်ငန်းဆောင်ရွက်သော လွှတ်တော်တိုင်းသည် IPU သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပါသည်။ လက်ရှိတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၉ နိုင်ငံရှိပြီး မိတ်ဖက်အဖွဲ့ဝင်နိုင်ငံ ၁၂ နိုင်ငံရှိပါသည်။

### ပြန်လည်ဝင်ရောက်

မြန်မာလွှတ်တော်သည် ၁၉၅၇ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ IPU အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်သည် IPU အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ရန် ၂၀၁၂ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပြီး IPU အဖွဲ့သို့ ၂၀၁၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ် ပြန်လည်ဝင်ရောက်ခဲ့ပါသည်။

မြန်မာလွှတ်တော်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အဖွဲ့ဝင်ဖြစ်သည့်အလျောက် နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးရည်ရွယ်၍ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီကို ၂၀၁၃ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် IPU မှ တိုက်တွန်းနိုးဆော်သည့် အထိမ်းအမှတ်ပွဲများနှင့် ဟောပြောပွဲများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ်ကျင်းပသော IPU ညီလာခံနှင့် အစည်းအဝေးများသို့လည်း ပုံမှန်တက်ရောက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ဒီမိုကရေစီစနစ်သည် မိမိကိုယ်တိုင် လိုက်နာကျင့်သုံးရမည့်စနစ်ဖြစ်ပြီး လူ့အခွင့်အရေးကို လေးစားခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ကျား/မ တန်းတူညီမျှခြင်း စသည့် အခြေခံမှုများကို အလေးထားလိုက်နာ၍ ကျင့်ကြံနေထိုင်မှသာ အနာဂတ်ဒီမိုကရေစီစနစ်ကို ပိုမိုရှင်သန်ဖွံ့ဖြိုးစေနိုင်ပြီး ပူးပေါင်းကာကွယ်ရာရောက်မည်ဖြစ်ပါသည်။




ဒီမိုကရေစီစနစ်တွင် အခြေခံအားဖြင့် ပြည်သူက အုပ်ချုပ်ခြင်းဖြစ်၍ နိုင်ငံတော်၏အချုပ်အခြာအာဏာသည် နိုင်ငံသားပြည်သူများထံမှ ဆင်းသက်ပြီး ပြည်သူ့ဆန္ဒအရ ရွေးကောက်တင်မြှောက်ခြင်းခံထားရသူများက ဥပဒေနှင့်အညီ စီမံအုပ်ချုပ်ရပါသည်။ ထို့အပြင် မိမိနိုင်ငံနှင့် အံဝင်ခွင်ကျပြီး လက်တွေ့ဘဝနှင့်ကိုက်ညီမည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးရမည်ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်တွင် ပြည်သူအများစု၏ မျှော်လင့်ချက်၊ လိုလားတောင့်တချက်များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လူနည်းစု၏အရေးကိစ္စရပ်များကိုလည်း မလွဲမသွေဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ ထင်သာမြင်သာရှိမှုများ လိုအပ်ပါသည်။ မတူကွဲပြားမှုများကို တွန်းအားအဖြစ် အသွင်ပြောင်းကာ ယုံကြည်စိတ်လျော့နည်းမှုများ၊ သံသယစိတ်များ၊ စိတ်ဝမ်းကွဲပြားမှုများကို စည်းလုံးညီညွတ်မှုအားဖြင့် ကျော်လွှားကြရမည်ဖြစ်သည်။

### မဆုတ်မနစ်ကြိုးပမ်း

ယနေ့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးစသည့် ရည်မှန်းချက်ပန်းတိုင်များကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိရာ တစ်ခုနှင့်တစ်ခုမှာ အပြန်အလှန်အထောက်အကူပြုဆက်စပ်လုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များ ဖြစ်ပါသည်။ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပြည်သူအားလုံး မဆုတ်မနစ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့သည့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပြည်သူများက ရွေးချယ်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သော လွှတ်တော်အသီးသီးသည် ဒီမိုကရေစီအသွင်ကူးပြောင်းမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်သည် အခြေခံဥပဒေ၏ အပ်နှင်းထားချက်များအရ တာဝန်များကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲပြီး အချင်းချင်း အပြန်အလှန် ထိန်းကျောင်းလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို နေပြည်တော် လွှတ်တော်ဝင်းအတွင်းရှိ သဘင်ဆောင်၌ ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် (၉) ကြိမ်မြောက် ကျင်းပမည်ဖြစ်ပါသည်။

ဒီမိုကရေစီကျင့်သုံးနေသော ကမ္ဘာ့နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားများ ကျင်းပသကဲ့သို့ မြန်မာနိုင်ငံသည်လည်း ပါတီစုံဒီမိုကရေစီကျင့်သုံးလျက်ရှိသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို အနှစ်သာရရှိစွာ ကျင်းပခြင်းဖြစ်သည်။

### ကြိုတင်ညှိနှိုင်း

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနား မကျင်းပမီအချိန်ကပင် ကြိုတင်ပြင်ဆင်မှုများအဖြစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်း၊ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်းဖြင့် ကြိုတင်စီစဉ်ညှိနှိုင်းကြပါသည်။ ယခုနှစ် အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အထိမ်းအမှတ်စာတမ်းများ ဖတ်ကြားခြင်း၊ တက္ကသိုလ်အဆင့်၊ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ယှဉ်ပြိုင်ကျင်းပခြင်း အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ထားရှိပါသည်။

မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားကို ၂၀၁၁ ခုနှစ်မှစ၍ ၂၀၁၈ ခုနှစ်အထိ နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union – IPU) က နှစ်စဉ်ထုတ်ပြန်သည့် အောက်ပါဆောင်ပုဒ်များနှင့်အညီ ကျင်းပခဲ့ပြီးဖြစ်ပါသည် -

| ခုနှစ် | အင်္ဂလိပ်ဘာသာဖြင့် (IPU မှ ပေးပို့သည့်) | မြန်မာဘာသာဖြင့် |
|---|---|---|
| ၂၀၁၁ | What do citizens expect from their parliament | ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက် |
| ၂၀၁၂ | Dialogue and Inclusiveness Central to Democracy | အများပါဝင် ဆွေးနွေးလျက်...... ဒီမိုကရေစီဗဟိုချက် |
| ၂၀၁၃ | Strengthening Voices for Democracy | ဒီမိုကရေစီ ထွန်းကားရေး ပြည်သူ့အသံ မြှင့်တင်ပေး |
| ၂၀၁၄ | Engaging Youth on Democracy | ဒီမိုကရေစီ ဖော်ဆောင်ရေး လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး |
| ၂၀၁၅ | Public Participation for Democracy | ဒီမိုကရေစီအရေး အတွက် ပြည်သူများ ပါဝင်ဆောင်ရွက် |
| ၂၀၁၆ | Democracy 2030 | အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့ |
| ၂၀၁၇ | In Defence of Democracy | ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းကာကွယ်စို့ |
| ၂၀၁၈ | Oversight | ဒီမိုကရေစီရှင်သန်ရေး ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေး |

### အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အထိမ်းအမှတ်ဆောင်ပုဒ် (Theme) များ

ယခုနှစ်တွင်လည်း (Participation) "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ အနှစ်သာရရှိရှိ ကျင်းပဆောင်ရွက်မည်ဖြစ်ပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားသည် ဒီမိုကရေစီဟူသည်မှာ လူသားတို့၏ အရေးအရာကိစ္စများဖြစ်သည်ဟူသော အချက်ကို ပြန်လည်အမှတ်ရစေရန် နှိုးဆော်ပေးသည့် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။ ဒီမိုကရေစီကို လူသားအားလုံးပါဝင်မှု၊ တူညီမျှတစွာပြုမူဆက်ဆံမှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ဖြင့် တည်ဆောက်ရန် လိုအပ်ပါသည်။ ဒီမိုကရေစီသည် ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၊ လူ့အခွင့်အရေးတို့ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။

### အကျိုးသက်ရောက်မှုရှိ

စစ်မှန်သောဒီမိုကရေစီကို အရပ်ဘက်အသိုက်အဝန်းနှင့် နိုင်ငံ့ရေးရာ စီမံခန့်ခွဲသူများအကြား စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးမှုအပေါ်တွင် တည်ဆောက်ထားပါသည်။ အဆိုပါညှိနှိုင်းဆွေးနွေးမှုသည် နိုင်ငံ့အရေး ဆုံးဖြတ်ချက်များအပေါ်တွင် အမှန်တကယ် အကျိုးသက်ရောက်မှုရှိမည် ဖြစ်ပါသည်။ ဤအချက်သည် နိုင်ငံ့အရေးတွင် ပါဝင်ဆောင်ရွက်မှု၊ ပြည်သူတို့၏ အခန်းကဏ္ဍနှင့် ပြည်သူ့ရေးရာဆွေးနွေးမှုတို့သည် ကောင်းမွန်သော အုပ်ချုပ်မှု၏ အဓိကအခြေခံအကြောင်းရင်းလည်း ဖြစ်နိုင်ပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပေါင်းစည်းမှုဖြစ်စဉ်နှင့် နည်းပညာတိုးတက်မှုတို့၏ အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေသည့် ယနေ့ကမ္ဘာတွင် အထက်ပါအချက်သည် ပိုမို၍ မှန်ကန်လျက်ရှိပါသည်။

ဒီမိုကရေစီစနစ် ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စနစ်တကျ ပြုစုစောင့်ရှောက်မှုများ များစွာလိုအပ်ပါသည်။ အထူးသဖြင့် နိုင်ငံသူ နိုင်ငံသား တစ်ဦးတစ်ယောက်ချင်းစီ၏ ကြိုးပမ်းမှုများသည် ဒီမိုကရေစီစနစ် အားကောင်းခိုင်မာရေးအတွက် လွန်စွာအရေးကြီးလှပါသည်။

မိမိတို့နိုင်ငံကို နိုင်ငံသူ နိုင်ငံသားများအားလုံးရည်မှန်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ရာတွင် နိုင်ငံသူ နိုင်ငံသားအားလုံး တက်ညီလက်ညီ ပါဝင်ကြိုးပမ်းဆောင်ရွက်ရေးသည် အလွန်အရေးကြီးလှပါသည်။ ယနေ့ မြန်မာနိုင်ငံတွင် နိုင်ငံသားအားလုံး မျှော်မှန်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ပြည်သူများအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းတည်ဆောက် အကောင်အထည်ဖော်နေချိန်ဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့၏ (Participation) "ဒီမိုကရေစီရှင်သန်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ဆောင်ပုဒ်နှင့်အညီ ယခုနှစ်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားမှတစ်ဆင့် ပြည်သူလူထုအတွင်း ဒီမိုကရေစီကျင့်စဉ်များ ပိုမိုရှင်သန်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်း၏ လုပ်ငန်းကြွေးကျန်များအား ပြည်ထောင်စု လွှတ်တော်က ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်



ထန်တလန် မဲဆန္ဒနယ်မှ
ဒေါ်နီရွှေလျန်း



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ
ဦးနေထက်ဝင်း



ပင်လည်ဘူး မဲဆန္ဒနယ်မှ
ဦးမင်းနောင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရပ်ဆိုင်းခဲ့သော အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)တို့တွင် ၎င်းဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီများမှ တည်ဆောက်ရေးလုပ်ငန်းများအတွက် စိုက်ထုတ်လုပ်ကိုင်ခဲ့ရသည့် ငွေကြေးများ ပြန်လည်ရရှိခြင်းမရှိဘဲ ဆုံးရှုံးနစ်နာလျက်ရှိနေပါသဖြင့် ကုမ္ပဏီများ နစ်နာမှုမရှိစေရေးအတွက် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်းက ၂၀၁၉ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့တွင် စက်မှုဝန်ကြီးဌာနက တင်ပြတောင်းခံခဲ့သည့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) စီမံကိန်း၏ လုပ်ငန်းကြွေးကျန် ငွေကျပ် ၉ ဒသမ ၅၀၉ ဘီလီယံအနက် ငွေကျပ် ၇ ဒသမ ၁၃၁ ဘီလီယံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု၏ အရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားခွင့်ပြုခဲ့ပြီး ဘဏ္ဍာငွေခွင့်ပြုချက်မရရှိမီ ကြိုတင်ဆောင်ရွက်ခဲ့သည့် အဆိုပါဆောက်လုပ်ရေးလုပ်ငန်းများအား စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစိစစ်ရန်နှင့် စိစစ်တွေ့ရှိချက်များအား အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်တောင်းခံပြီးမှသာ ထုတ်ယူကျခံသုံးစွဲရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာနအနေဖြင့် အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်း၏ လုပ်ငန်းကြွေးကျန်များအား ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်တွင် စက်မှုဝန်ကြီးဌာန၏ ခွင့်ပြုဘတ်ဂျက်ဘောင်အတွင်းမှ ထည့်သွင်းလျာထားနိုင်ခဲ့ခြင်းမရှိခဲ့သည့် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်း၏ လုပ်ငန်းကြွေးကျန်များကိုလည်း စက်မှုဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ (၃)ပွင့်ဆိုင် တွေ့ဆုံညှိနှိုင်းပြီး ဆွေးနွေးမှုရလဒ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဘွဲ့ရအထွေထွေ လုပ်သားများနှင့် လုပ်အားပေးဆရာ၊ ဆရာမများကို မူလတန်းပြအဖြစ် အမြဲတမ်းတာဝန် ထမ်းဆောင်လိုပါက သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို မူလတန်းဆရာဖြစ် သင်တန်း မူလတန်းသင်တန်း PPTT သို့ တက်ရောက်နိုင်ရန် လျှောက်ထားဖြေဆိုနိုင်

ဒလ မဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **အခြေခံပညာကျောင်းများမှ လုပ်အားပေး ဆရာ၊ ဆရာမများနှင့် အရည်အချင်းမီ ဘွဲ့ရ အထွေထွေလုပ်သားများအား အမြဲတမ်းနိုင်ငံ့ဝန်ထမ်း ဆရာ၊ ဆရာမများအဖြစ် ခန့်ထားပေးရန်နှင့် ပညာရေးကောလိပ်နှင့် ပညာရေးတက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ရန် မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်သည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဘွဲ့ရအထွေထွေလုပ်သားများအနေဖြင့် ရာထူးတိုးလမ်းကြောင်းအရ စာရေး-၁ ရာထူးကို လျှောက်ထားခွင့်ရှိပါကြောင်း၊ အဆိုပါ ဘွဲ့ရအထွေထွေလုပ်သားများနှင့် လုပ်အားပေးဆရာ၊ ဆရာမများကို မူလတန်းပြအဖြစ် အမြဲတမ်းတာဝန်ထမ်းဆောင်လိုပါက သတ်မှတ်ချက်နှင့်ကိုက်ညီသူများကို မူလတန်းဆရာဖြစ်သင်တန်း မူလတန်းသင်တန်း PPTT သို့ တက်ရောက်နိုင်ရန် လျှောက်ထားဖြေဆိုနိုင်ပါကြောင်း။

အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရအထွေထွေလုပ်သားများအား မူလတန်းပြဆရာအဖြစ်သို့ တိုးမြှင့်ခန့်ထားပေးခြင်းကို မဆောင်ရွက်တော့ဘဲ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကို လုပ်ထုံးလုပ်နည်းအရ ယှဉ်ပြိုင်စာမေးပွဲဖြေဆို၍ ဆရာအတတ်သင် သင်တန်းတက်ရောက်စေပြီးမှသာ မူလတန်းပြအဖြစ် ခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာ ဆရာအတတ်ပညာသင်တန်းလက်မှတ်မရှိသေးသည့် ဆရာ၊ ဆရာမအားလုံးကို မူလတန်းဆရာအတတ်စာပေးစာယူသင်တန်း၊ အလယ်တန်းဆရာအတတ် စာပေးစာယူသင်တန်းများ တက်ရောက်နိုင်ရန် ပညာရေးကောလိပ်များက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသော သင်ကြားရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းခွင်မှ မူလတန်းကျောင်းအုပ်၊ အလယ်တန်းပြနှင့် အထက်တန်းပြ ဆရာ၊ ဆရာမများ ဘီအီးဒီ ဝင်ခွင့် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် ဆရာ၊ ဆရာမများကို ပညာရေးတက္ကသိုလ် စာပေးစာယူဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပါက အထက်တန်းပြဆရာအဖြစ် ပညာရေးတက္ကသိုလ်များမှ သင်ကြားသင်ယူလေ့ကျင့်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထန်တလန် မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၏ **လုပ်ငန်းခွင် ဆရာအကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT ဝင်ခွင့် ရွေးချယ်ရေးကိစ္စကို ဒေသခံထဲမှ ဦးစားပေးရွေးချယ်ရန်နှင့် လုံလောက်မှုမရှိမှသာ အခြားတိုင်းဒေသကြီးမှ လျှောက်ထားသူများကို ရွေးချယ်သည့်စနစ်ကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင် အကြိုမူလတန်း ဆရာအတတ်ပညာသင်တန်း (PPTT) သင်တန်းသို့ တက်ရောက်ခွင့်ပြုနိုင်ရန် သင်တန်းသားများ ရွေးချယ်ရာတွင် တက္ကသိုလ်မှ ဘွဲ့ရရှိသူများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဖွင့်လှစ်ထားသည့် ပညာရေးကောလိပ်များတွင် ဝင်ခွင့်လျှောက်ထားစေပြီး ရွေးချယ်ရေးလုပ်ငန်းစဉ်အရ အင်္ဂလိပ်စာနှင့် ပညာရေးဆိုင်ရာ အထွေထွေဗဟုသုတတို့ကို ယှဉ်ပြိုင်ဖြေဆိုစေပါကြောင်း၊ ထိုသို့ဖြေဆိုရာတွင် နှစ်ဘာသာရမှတ်ပေါင်းကို ကြီးစဉ်ငယ်လိုက်အရလည်းကောင်း၊ သတ်မှတ်ထားသော ရွေးချယ်ရေးမူအရလည်းကောင်း၊ မြို့နယ်တွင်းရှိ မူလတန်းကျောင်းသားအရေအတွက် လိုအပ်ချက်အရသော်လည်းကောင်း၊ ပညာရေးကောလိပ်များ၏ ဝင်ဆံ့ဦးရေပေါ်မူတည်၍လည်းကောင်း၊ မြို့နယ်ခွဲဝေသတ်မှတ်မှု ဦးရေအရလည်းကောင်း ရွေးချယ်ပြီး တက်ရောက်သင်ကြားခွင့်ပြုခဲ့ပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး / ပြည်နယ်အသီးသီးမှ ဝင်ခွင့်ဖြေဆိုသူအားလုံးသည် တိုင်းဒေသကြီး / ပြည်နယ်အတွင်းရှိ နှစ်သက်ရာမြို့နယ် တစ်ခုကိုရွေးချယ်၍ လျှောက်ထားခွင့်ရှိပါကြောင်း။

အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) ဝင်ခွင့်ရွေးချယ်ရေးကိစ္စကို ဒေသခံထဲမှ ဦးစားပေးရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသခံတွင်းမှ လုံလောက်မှုမရှိမှသာ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ လျှောက်ထားသူများကို ရွေးချယ်သည့်စနစ်အား ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင်၏ **သပိတ်ကျင်းမြို့နယ်၊ အုန်းဇုန်းကျေးရွာအုပ်စု၊ ဇရပ်ကျေးရွာများ၏ ပြည်ထဲရေးအမည်ပေါက် ရွာမြေအတွင်းကျရောက်နေသော သစ်တောမြေအား ပယ်ဖျက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက လည်းကောင်း၊ ကျွန်းစု မဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၏ **ကျွန်းစုမြို့နယ်အတွင်းရှိ မူလွန်ကျောင်းများတွင် အလယ်တန်းပြ ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လှိုင်းဘွဲ့ မဲဆန္ဒနယ် ဦးခင်ချို၏ **အဝေးသင်တက္ကသိုလ်ပညာ သင်ကြားလိုသော ကျောင်းသား ကျောင်းသူများအတွက် အိမ်ထောင်စုစာရင်းဝင် ပြောင်းရွှေ့ဝင်ရောက်သည့် အထောက်အထား တင်ပြစေရန် တောင်းခံနေမှုအား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အဓိကလိုအပ်သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း အထောက်အထား၊ အမှတ်စာရင်းနှင့် အမှန်တကယ်နေထိုင်သည့် သို့မဟုတ် အလုပ်လုပ်ကိုင်နေသည့်ဒေသရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြု ထောက်ခံချက်များဖြင့် လက်ခံသင်ကြားခွင့် ပြုနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** မေးခွန်းနှင့် မင်းတပ် မဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ မင်းတပ်မြို့တွင် **ဝိဇ္ဇာသိပ္ပံတက္ကသိုလ် သို့မဟုတ် ကောလိပ်ကျောင်း (၁)ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မ ရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **အခြေခံပညာရေး ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်သည့်အချက် ၉ ချက်ကို လည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက်မှ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် ၉ ချက် ကိုလည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိမည့် အချက် ၁၇ ချက်တို့ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပညာရေးဝန်ကြီးဌာနနှင့် လွှတ်တော်တို့၏ သဘောထားရယူ အတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက သဘောကွဲလွဲသည့် အချက် ၂၆ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြသင့်ကြောင်းကို အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ထိုအချက် ၂၆ ချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ခရိုင်၊ မြို့နယ် အဆင့်ထိ စနစ်တကျတိုးချဲ့ဖွဲ့စည်းပြီး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအောင်မြင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဆွေးနွေး

ဆက်လက်၍ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးနေထက်ဝင်း တင်သွင်းသည့် **နိုင်ငံအဝန်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်သွားနိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ် ကျွမ်းကျင်သူများ မွေးထုတ်သွားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို ခရိုင်၊ မြို့နယ်အဆင့်ထိ စနစ်တကျ တိုးချဲ့ဖွဲ့စည်းပြီး ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအောင်မြင်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း** က သဘာဝသယံဇာတများ စီမံခန့်ခွဲရာတွင် သစ်တောဖုံးလွှမ်းနေရာများရှိ ဂေဟစနစ်ဟန်ချက် ထိန်းသိမ်းထားရှိရန်မှာ လွန်စွာအရေးကြီးပါကြောင်း၊ သစ်တောများ ပြုန်းတီးသွားသည့်အတွက် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု များပြားလာသောကြောင့် ကမ္ဘာကြီးပို၍ပူနွေးလာပြီး ပုံမှန်မဟုတ်သည့် ရာသီဥတုများ ဖြစ်ပေါ်လာပါကြောင်း၊ အဆိုပါ အကျိုးဆက်များကြောင့် သဘာဝဘေးအန္တရာယ်များနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် ပြဿနာများစွာကြုံတွေ့လာရပါကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရန်အတွက် နိုင်ငံတော်အစိုးရမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းခြင်း၊ နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ နိုင်ငံတကာအကူအညီများရယူခြင်း၊ ပြည်သူများပူးပေါင်းပါဝင်သည့် ပညာပေးအစီအစဉ်များဖြင့် စည်းရုံးခြင်း၊ ပြည်တွင်းငြိမ်းချမ်းရေးအမြန်ဆုံးရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည်တို့ကို မဖြစ်မနေဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**ပင်လည်ဘူး မဲဆန္ဒနယ်မှ ဦးမင်းနောင်**က ဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက်၍ စာသင်ကျောင်းများမှ တရားဝင်အချိန်သတ်သတ်မှတ်မှတ်ပေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး သင်ခန်းစာများသင်ကြားခြင်းနှင့် လူထုအကြားတွင်လည်း အသိပညာများတိုးတက်အောင် ကူညီဆောင်ရွက်မှုများပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်သင့်ပါကြောင်း၊ ဆင်းရဲချမ်းသာမှု မတူညီသော်လည်း ရာသီဥတုဆိုးရွားလာပါက အားလုံးအတူတူ ထိခိုက်ခံစားရပါကြောင်း၊ အစိုးရအနေဖြင့် စိုက်ပျိုးရေးကို မှီခိုလုပ်ကိုင်နေသည့် တောင်သူလယ်သမားများအတွက် အထောက်အပံ့များ ပိုမိုဖြည့်ဆည်းပေးရန် လိုအပ်သကဲ့သို့ အခြားနည်းလမ်းများကိုလည်း ကြိုတင်စဉ်းစားထားရန် လိုအပ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုရှိလာသည့်အလျောက် ခံနိုင်ရည်ရှိမှုနှင့် လိုက်လျောညီထွေစွာ နေထိုင်တတ်ရန် လူသားအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ မကွေး မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၊ ထီးလင်း မဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၊ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၊ ကျောက်ကြီး မဲဆန္ဒနယ်မှ ဦးမြင့်ငွေ၊ တွံ့တေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ** က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကချင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် တနင်္သာရီ၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ခရိုင်ရုံး ၁၃ ရုံးနှင့် မြို့နယ်ရုံး ၁ ရုံး ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၉ စက်တင်ဘာတွင် မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ခရိုင် ၅ ရုံးအား ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခရိုင်ရုံး ၁၅ ရုံးနှင့် မြို့နယ်ရုံး ၈ ရုံး ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၅ နှစ်စီမံကိန်းအရ ဖွင့်လှစ်ရန်ကျန်ရှိသည့် ခရိုင်ရုံး ၃၈ ရုံးနှင့် မြို့နယ်ရုံး ၈၉ ရုံးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် မြေနေရာရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ခရိုင်ရုံး ၂၂ ရုံးနှင့် မြို့နယ်ရုံး ၃၂ ရုံးတို့အတွက် မြေနေရာရရှိပြီးဖြစ်ပါကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအား နှစ်စဉ်စီမံချက်များချမှတ်၍ အင်အားပြည့်မီရေးအတွက် ဝန်ထမ်းများခန့်ထားနိုင်ရေးနှင့် ဘဏ္ဍာနှစ်အလိုက် ခရိုင်ရုံး၊ မြို့နယ်ရုံးများ ဆက်လက်ခွင့်ပြုနိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေထည့်သွင်း တောင်းခံလျက်ရှိပြီး အဆိုပါလုပ်ငန်းများအား ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် လုပ်ငန်းခွင်မွမ်းမံသင်တန်းများ၊ ပြည်တွင်း၊ ပြည်ပ၌ ဖွင့်လှစ်လျက်ရှိသော ကလာတို၊ ကာလရှည် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးပွဲများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများအပြင် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များအားစေလွှတ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ကျွမ်းကျင်သူများအား မွေးထုတ်ပေးလျက်ရှိပါကြောင်း။

*စာမျက်နှာ ၈ သို့*

# ဆင်တဲကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လျာထား

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုနှင့် အစီရင်ခံစာတစ်ခုဆွေးနွေးခြင်း၊ အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။



ဒုတိယဝန်ကြီး
ဗိုလ်ချုပ်မြင့်နွယ်



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးအေးမင်းဟန်



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၇)မှ ဒေါ်သန်းသန်းအေး

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **ကာကွယ်ရေးဝန်ကြီးဌာနမှ သိမ်းယူထားသော မွန်ပြည်နယ် မော်လမြိုင်ပညာရေးကောလိပ်၏ ကျောင်းပိုင်မြေရိယာ ၄ ဒသမ ၇၆၆ ဧကအား ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ မော်လမြိုင်ပညာရေးကောလိပ်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ထားသည့် မြေရိယာ ၁ ဒသမ ၁၅၈ ဧကသာ ရှိသော်လည်း မြေရိယာ ၃ ဒသမ ၆၀၈ ဧက အား ပိုမိုတင်ပြတောင်းခံထားခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်များရရှိပြီး ဖြစ်ခြင်းနှင့် အနာဂတ်စီမံကိန်းများ ဆောင်ရွက်ရန်အတွက် ထိန်းသိမ်းထားသည့် မြေဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရှေးရယ်ရှုမောင်၏ **ကယားပြည်နယ်တွင် ဖွင့်လှစ်ထားသော သူနာပြုသားဖွားဒီပလိုမာ သင်တန်းကျောင်းများတွင် ဒေသခံကျောင်းသူ ကျောင်းသားများ တက်ရောက်ခွင့်၊ ဖြေဆိုခွင့်ရရှိရေးမေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က သူနာပြု/သားဖွား ဝင်ခွင့်ဖြတ်မှတ်များမှာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် မတူညီသကဲ့သို့ တစ်နှစ်နှင့် တစ်နှစ် ဖြတ်မှတ်မတူညီပါကြောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ အခြေခံပညာအထက်တန်း အောင်မြင်ခဲ့သည့် ကယားပြည်နယ် ဒေသခံ ကျောင်းသား ကျောင်းသူများကို ကယားပြည်နယ်သို့ လျှောက်ထားခွင့်ပြုမည်ဆိုပါက သာတူညီမျှကို ရှေးရှု၍ အခြားတိုင်းဒေသကြီး/ ပြည်နယ်များကိုလည်း လျှောက်ထားခွင့်ပြုရမည်ဖြစ်သဖြင့် ဒေသအလိုက် အောင်မြင်ပြီးသူများကိုသာ သက်ဆိုင်ရာဒေသ၌ တက်ရောက်စေသည့်စနစ် ပျက်ပြယ်သွားမည်ဖြစ်ပြီး ကယားပြည်နယ်တွင် နေထိုင်ပြီး အခြေခံပညာအထက်တန်းအောင်မြင်သူများ သင်တန်းတက်ရောက်နိုင်သည့်အခွင့်အရေးများလည်း နည်းပါးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ **မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ဆင်တဲကျေးရွာ ကျေးလက်ကျန်းမာရေးဌာန (ခွဲ) အဆောက်အအုံသစ်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆင်တဲကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ပါဝင်ခြင်းမရှိသော်လည်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော တိုက်ပွဲများကြောင့် တိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံနေသည့် တိုက်ပွဲရှောင် တိုင်းရင်းသားများနေရပ်သို့ ဘေးကင်းလုံခြုံစွာ ပြန်လည်အခြေချနေထိုင်နိုင်ရေး မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က လည်းကောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ **မြန်မာရေကူးအဖွဲ့ချုပ် အပါအဝင် အခြားအားကစားအဖွဲ့ချုပ်များဖြစ်သည့် (ကျွမ်းဘား၊ E - Sport) ဖွဲ့စည်းခြင်းတို့အား အသစ်ပြန်လည် စိစစ်ဖွဲ့စည်းခွင့်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း၊** ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးဝှေ့တင်း၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ခုတင်(၅၀)ဆံ့ ဆေးရုံ၊ တိုက်နယ်ဆေးရုံများ အပါအဝင် ကျန်းမာရေးဌာနနှင့် ဌာန(ခွဲ) များတွင် ဆေးဝါးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊** မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် ၏ **ခံတွင်းကင်ဆာဖြစ်စေနိုင်သော ဓာတုဗေဒပစ္စည်းများသုံး၍ ထုတ်လုပ်နေသော ကွမ်းသီးနှင့် ကွမ်းယာလုပ်ငန်းများအပေါ် မည်ကဲ့သို့ ထိန်းသိမ်းကြပ်မတ်မည်ကို သိရှိလိုခြင်း မေးခွန်း၊** ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း ၏ **ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံတွင် ဝန်ထမ်းများ လုံလောက်စွာ ခန့်ထားပေးရန်နှင့် တိုင်းရင်းဆေးရုံ အဆောက်အအုံအား ပြင်ဆင်ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့်ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ပလတ်စတစ်ဘူးထဲ ထည့်ထားသည့် ရေနှင့်အချိုရည်များသည် ပူပြင်းသော နေရောင်ခြည်ထိတွေ့မှုကြောင့် ဖြစ်ပေါ်လာမည့် ဘေးထွက်ဆိုးကျိုးများကို ပြည်သူလူထုပိုမိုသိရှိနားလည် လိုက်နာလာစေရန် မည်ကဲ့သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းတို့**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က လည်းကောင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်က ဆွေးနွေးသည်။

ဆက်လက်၍ **အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၁၉)**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း တို့က ဆွေးနွေးကြသည်။

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း** က ကော်မတီသို့ တိုင်ကြားလာသည့် တိုင်ကြားစာများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်တိတိကျကျ ကြိုးစားဆောင်ရွက်ထားသည်ကို သိရှိရပါကြောင်း၊ သို့သော် တိုင်ကြားစာကော်မတီအနေဖြင့် ယခုကဲ့သို့ဆောင်ရွက်နိုင်သည့်အပေါ်တွင် အားရကျေနပ်နေရုံဖြင့် မပြီးသေးပါကြောင်း၊ နောက်ထပ်ကြိုးစားအားထုတ်ရန် လိုအပ်သေးသည်ကို အကြံပြုလိုပါကြောင်း၊ ပေးပို့ပြန်ကြားသည့် အရေအတွက်ထက် ပြန်ကြားရန်ကျန်ရှိသည့် အရေအတွက်က ပိုမိုများပြားနေခြင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ကော်မတီ၏ ဆောင်ရွက်မှုများသည် မိမိတို့နိုင်ငံ၏ တရားဥပဒေစိုးမိုးရေးကို တည့်မတ်ထိန်းကျောင်း အထောက်အကူပြုစေပါကြောင်း၊ ထို့ကြောင့် ကော်မတီအနေဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကိုရှေးရှု၍ ယခု မိမိတို့ဆောင်ရွက်နေသည့် အရှိန်အဟုန်ထက် များစွာတိုးမြှင့်ဆောင်ရွက်ပေးပါရန် အကြံပြုတိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်(ခေါ်) ဦးလှမြင့်သန်း က အဆိုပါကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၁/၂၀၁၉) ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဒေါ်မြတ်သီတာထွန်း က ကော်မတီ၏ **ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းများရာခိုင်နှုန်းပြည့် ပြီးစီးကြောင်း ကတိကဝတ်စာရင်းတွင် ပယ်ဖျက်ပေးပါရန် တင်ပြလာမှုအပေါ် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှလည်း မိမိတို့၏ အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ ရာခိုင်နှုန်းပြည့် ပြီး/ မပြီး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီမှု ရှိ/မရှိ ကို ပြန်လည်စိစစ်ပြီး ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် ကော်မတီသို့ ဆောလျင်စွာ တင်ပြပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ကော်မတီအနေဖြင့် တင်ပြချက်များအပေါ် စိစစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ပြီးစီး၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်ပေးရန် တင်ပြလာသော အဆို၊ မေးခွန်းများနှင့် စပ်လျဉ်း၍ မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာသည့် ကတိကဝတ်များအပေါ် မြေပြင်မှန်တွင် မပြီးစီးဘဲ သို့မဟုတ် ကွဲလွဲနေမှုများရှိပါက ကော်မတီအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို သီးခြားဖိတ်ကြား၍ ဝန်ကြီးဌာနအလိုက် ညှိနှိုင်းဆွေးနွေးသွားရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် လက်ရှိတွင်လည်း ဆောင်ရွက်နေပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်တွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ နောက်ဆုံးဆောင်ရွက်ထားရှိမှုအခြေအနေ၊ လစဉ်အစီရင်ခံစာများကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ မိမိတို့ကော်မတီကို လာရောက်ပေးပို့လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာမေးခွန်းရှင်များအနေဖြင့် သိရှိလိုပါက ကော်မတီသို့လာရောက်ဆက်သွယ်၍ ထုတ်ယူနိုင်သည်ကိုလည်း ပန်ကြားလွှာ ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီ၏ အစီရင်ခံစာကို ပထမပုံမှန်အစည်းအဝေးမှ (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးခဲ့ကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက် အကြံပြုချက်များကို ကော်မတီမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်းနှင့် အကြံပြုဆွေးနွေးချက်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုတင်ပြသည့် အစီရင်ခံစာကိုလည်း ထပ်မံဆွေးနွေးအကြံပြုပေးနိုင်ပါရန် ဖိတ်ခေါ်တင်ပြအပ်ပါကြောင်း။

ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေး အကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်အရေအတွက် ပိုမိုများပြားလာသည်နှင့်အမျှ ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက်ပိုမို များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် မိမိတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများကို ယခုထက်ပိုမိုပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ ကွင်းဆင်းစိစစ်တွေ့ရှိချက်များနှင့် သုံးသပ်အကြံပြုချက်များကိုလည်း သက်ဆိုင်ရာဌာနများသို့ ကော်မတီမှဆက်လက်ပေးပို့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကွင်းဆင်းလေ့လာရန် လိုအပ်သည့်နေရာများကိုလည်း အခါအားလျော်စွာ ကွင်းဆင်းလေ့လာစိစစ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၇ မှ*

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ပတ်ဝန်းကျင်နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ သင်ကြားရေးစင်တာတစ်ခုကို ဖွင့်လှစ်တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလ ၃ နှစ်၏ ပထမနှစ်အတွင်းတွင် ကနဦးဆောင်ရွက်ချက်အနေဖြင့် Dam Safety Training Workshop အားလည်းကောင်း၊ Land Acquisition and Resettlement သင်တန်းအားလည်းကောင်း၊ Community Health and Safety သင်တန်းအားလည်းကောင်း ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါကြောင်း။

ထို့ပြင် စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် ရေရှည်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ UNDP ၏ နည်းပညာအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် Capacity Needs Assessment ဖော်ထုတ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းအပေါ်အခြေခံ၍ မဟာဗျူဟာ ဆက်လက်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း၍ သင်တန်းသားများ ဆက်လက်စေလွှတ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းများ စဉ်ဆက်မပြတ် ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရပ်ကျွမ်းကျင်သူများ မွေးထုတ်သွားမည်ဖြစ်ပါကြောင်း၊ ခရိုင်၊ မြို့နယ်အဆင့်တို့ကို စနစ်တကျတိုးချဲ့ဖွဲ့စည်းပြီး ဌာန၏လုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ အဆိုအား အတည်ပြုသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘောထားရယူရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို စက်တင်ဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ ကျော်ဇင်ထိုက်**

# မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**

မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး ယာယီကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၈) ကုက္ကိုင်း ရိပ်သာလမ်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်လုပ်ငန်းနှင့် ဆက်စပ်သော လုပ်ငန်းများမှ တာဝန်ရှိသူများ၊ သဘင်၊ ဂီတ အစရှိသည့် ရုပ်ရှင်နှင့်ဆက်စပ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**စိတ်ကူးစိတ်သန်းအသစ်များဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ရှေးဦးစွာ မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး ယာယီကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး ယာယီကော်မတီကို ယခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်(၄)ရပ် သတ်မှတ်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ မဖွဲ့စည်းနိုင်မီ ယာယီကော်မတီမှ ဦးစွာဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင် ရာပြည့်အချိန်အခါရောက်ရှိချိန်တွင် မိမိတို့ ပါဝင်ဆောင်ရွက်ခွင့် ရရှိခြင်းအပေါ် ဂုဏ်ယူတန်ဖိုးထားပြီး ဆောင်ရွက်ကြရမည်



ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဆွေးနွေးစဉ်။

ဖြစ်ပါကြောင်း၊ ယခင်ကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတု အခမ်းအနား ကျင်းပမှု မှတ်တမ်းများသည် ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင်ရာပြည့် အခမ်းအနားအတွက် များစွာအထောက်အပံ့ဖြစ်ပါကြောင်း၊ ယခင် ဆောင်ရွက်မှုများကို နမူနာယူဆောင်ရွက်မှုအပြင် နိုင်ငံတကာတွင် ကျင်းပနေသည့် ယခုကဲ့သို့ ပွဲတော်ကျင်းပမှုများကိုလည်း လေ့လာဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ နှစ်တစ်ရာသက်တမ်းတစ်လျှောက်တွင် ထူထောင်တည်ဆောက်ခဲ့ကြသည့် ဘိုးဘေးမိဘများက ပေးခဲ့သော ရုပ်ရှင်အမွေအနှစ်များကို အလေးထားပြီး ယခုကျင်းပမည့် ပွဲတော်တွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိချိန်၌ စိတ်ကူးစိတ်သန်း အသစ်များဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ စိုက်ထုတ်ပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**အနုပညာရှင်များက ဦးဆောင်၍ ပါဝင်ဆောင်ရွက်**

ထို့နောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရေး ယာယီကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာ့ရုပ်ရှင် ရာပြည့် အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန နှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် ပွဲတော်ကျင်းပရေးတွင်လည်း တွဲဖက်အတွင်းရေးမှူးအနေဖြင့် ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်တွင်ကျင်းပမည့် ရုပ်ရှင်ရာပြည့် ပွဲတော်ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ရန်ကုန်မြို့တော်သူ၊ မြို့တော်သားများက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ရှိနေသည်ကို သိရှိနေစေရန် ရာပြည့်ပွဲတော်၏ အဓိကဖြစ်သော အနုပညာရှင်များက ဦးဆောင်၍ ပါဝင်ဆောင်ရွက်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း ပါဝင်ပံ့ပိုးကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး ယာယီကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပနိုင်ရန် ယာယီကော်မတီဖွဲ့စည်းမှု၊ ရာပြည့်အကြိုလှုပ်ရှားမှု အစီအစဉ်များနှင့် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပမည့် လျာထားအစီအမံကို ရှင်းလင်းတင်ပြသည်။

**အကြံပြုချက်များ ဆွေးနွေးပြောကြား**

ထို့နောက် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား ကျင်းပနိုင်ရေး ယာယီကော်မတီ ဒုတိယဥက္ကဋ္ဌ(၃) မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး၊ ပွဲတော် အထိမ်းအမှတ် Logo ၊ တေးသီချင်းနှင့် ပွဲတော်ကျင်းပမည့်နေရာ ရွေးချယ်သတ်မှတ်နိုင်ရေး၊ မြန်မာ့ရုပ်ရှင် စိန်ရတုပွဲတော် ကျင်းပခဲ့စဉ် အတွေ့အကြုံများနှင့် အကြံပြုချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ အဖွဲ့ဝင်များ၊ ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံး၊ ပန်းချီပန်းပုအသင်း အဖွဲ့နှင့် ရုပ်ရှင်နှင့် ရုပ်မြင်သံကြားလုပ်ငန်းလုပ်ကိုင်သူများ၊ အနုပညာရှင်များနှင့် တက်ရောက်လာကြသူများက မြန်မာ့ရုပ်ရှင် ရာပြည့်အကြိုလှုပ်ရှားမှုများနှင့် ရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပမှုများတွင် ထည့်သွင်းဆောင်ရွက်သင့်သည့် အကြောင်းအရာများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ရှင်းလင်းတင်ပြစဉ်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း ဆွေးနွေးစဉ်။

**လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရေး**

ထို့နောက် ယာယီကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးချက်များအနက် ရာပြည့်အခမ်းအနားကျင်းပရေး ရည်ရွယ်ချက်များကို အနှစ်သာရပြည့်ဝပြီး ပိုမိုကျစ်လျစ်အောင် ပြုစုရန်၊ ရာပြည့်အခမ်းအနားလှုပ်ရှားဆောင်ရွက်မည့် အစီအစဉ်များကို သင့်လျော်သူများဖြင့်ဖွဲ့စည်းပြီး (Idea Bank) အဖြစ် စုစည်းဆောင်ရွက်ရန်၊ နိုင်ငံတကာတွင်ကျင်းပနေသည့် အလားတူပွဲတော်များမှ အချက်အလက်များ ရှာဖွေစုစည်းရေး Research & Development Team တစ်ခု ဖွဲ့စည်း ဆောင်ရွက်ရန်၊ ရာပြည့်အခမ်းအနားအထိမ်းအမှတ် Logo ၊ တေးသီချင်းနှင့် ဆောင်ပုဒ်များရရှိနိုင်ရေး ပြိုင်ပွဲများ ဦးစွာ ကျင်းပပြီး ရွေးချယ်သတ်မှတ်အသုံးပြုနိုင်ရန်၊ ယာယီကော်မတီတွင် လုပ်ငန်းအဖွဲ့ (Working Group) ကို သင့်လျော်ရာ ပုဂ္ဂိုလ်များနှင့်ဖွဲ့စည်းပြီး ဆောင်ရွက်ရန်၊ ကျင်းပပြုလုပ်မည့် အစီအစဉ်များတွင် လူငယ်များ ပါဝင်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် စသည့်အကြောင်းအရာများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆုံးဖြတ်အတည်ပြုပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်**

၂၀၂၀ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ပြည့်မြောက်မည့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားအတွက် ရာပြည့် အကြို လှုပ်ရှားမှုများကို ယခုနှစ် အောက်တိုဘာမှ စတင်ဆောင်ရွက်ကြမည်ဖြစ်ပြီး ၎င်းတွင်ပါဝင်မည့်အစီအစဉ်များ အတည်ပြုသတ်မှတ်နိုင်ရန်နှင့် မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ပွဲတော်ကို ကျင်းပမည့် နေ့ရက်၊ ပွဲတော်ကာလနှင့် ပွဲတော်ကျင်းပမည့်နေရာများ ရွေးချယ်သတ်မှတ်ဆောင်ရွက်ရန်တို့ကို ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ခွဲဝေသတ်မှတ်ကာ သက်ဆိုင်ရာ အစည်းအဝေးများ ထပ်မံကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားလမ်း၊ အမှတ် (၅၀) ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ၊ စာကြည့်တိုက်၊ စတူဒီယိုများ၊ အလုပြင်ခန်းနှင့် ရုပ်ရှင်ကြည့်ခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# စာပေဗိမာန်စာမူဆု(၂၀၁၈) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူ ရက်တိုးမြှင့်သတ်မှတ်

**ရန်ကုန် စက်တင်ဘာ ၁၃**

၂၀၁၈ ခုနှစ်အတွက် စာပေဗိမာန်စာမူပြိုင်ပွဲတွင် ဘာသာပြန်စာမူအတွက် Mathew Kieran တည်းဖြတ်သည့် Media Ethics စာအုပ်မှ “ Journalism and ethics:Can they coexist? ” , “ Objectivity, Impartiality and good Journalism ”, “ Journalism, politics and public relations: an ethical appraisal ” , “ Sex and violence in fact and fiction ” , “ Censorship and the media ” အခန်း ၅ ခန်းကို ထုတ်နုတ်ရန် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဘာသာပြန်စာပေဝါသနာရှင်များ ပိုမို၍ ပြိုင်ပွဲဝင်နိုင်ရေးအတွက် နောက်ဆုံးရက်ကို ၃၀-၉-၂၀၁၉ ရက် နောက်ဆုံးရက်အဖြစ် တိုးမြှင့်သတ်မှတ်ပြီး ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အမေရိကန်နိုင်ငံမှ ဆရာဝန်ကြီးများ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား အခမဲ့ခွဲစိတ်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအား အမေရိကန်နိုင်ငံ အထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ခွဲစိတ်ကုသပေးမည့် အစီအစဉ်တွင် ဝိတိုရိယ ကျန်းမာရေးထောက်ပံ့ ကူညီစောင့်ရှောက်မှုဖောင်ဒေးရှင်းနှင့် အမေရိကန်နိုင်ငံ Alliance for Smile Organization တို့ပူးပေါင်း၍ အောက်တိုဘာ ၁၄ ရက်မှ ၂၅ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးများအတွက် သတ္တမအကြိမ်မြောက် ခွဲစိတ်ပေးမည်ဖြစ်သည်။

ယင်းကလေးများအား ကျန်းမာရေးစစ်ဆေးမှုများ၊ ခွဲစိတ်ကုသစရိတ်များ၊ ဝိတိုရိယဆေးရုံရှိ ခွဲစိတ်ခန်းနှင့် အတွင်းလူနာခန်း ကုသမှုစရိတ်များနှင့် အခြေခံဆေးဝါးများအားလုံးကို အခမဲ့အပြင် နယ်ဝေးမြို့မှ ကလေးနှင့် မိဘအုပ်ထိန်းသူတစ်ဦးအတွက် တည်းခိုစရာနှင့် အစားအစာများ စီစဉ်ပေးသွားမည် ဖြစ်ပြီး ဖုန်း - ၀၁- ၉၆၆၆၁၄၁ သို့ စက်တင်ဘာ ၂၈ ရက်အထိ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**အေကေလင်း**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆ ။)**

**၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်**

**(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက် ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ကဏ္ဍ အလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာသတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ဘဏ္ဍာနှစ်** ဆိုသည်မှာ အောက်တိုဘာလ(၁)ရက်နေ့မှ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ကာလဖြစ်သည်။

(ဃ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ(၆) လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့်အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်သည်။

(င) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဆ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေး ကော်မတီများကိုဆိုသည်။

### အခန်း(၂)

### စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ကဏ္ဍအလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-

(၁) လယ်ယာကဏ္ဍတွင် ၂.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၀.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၉.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၇.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၆.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင်၉.၂ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၁.၅ ရာခိုင်နှုန်းမှ ၂၀.၃ ရာခိုင်နှုန်းသို့ လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၀ ရာခိုင်နှုန်းမှ ၃၈.၇ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၀.၅ ရာခိုင်နှုန်းမှ ၄၁.၀ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကိုကျပ် ၈၄,၃၄၇.၄ ဘီလီယံ ဖြစ်ပေါ်စေရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၆.၃၈ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၃.၆၁ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းအရ ပြည်ပပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၅,၅၀၀.၀ သန်း တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို အမေရိကန်ဒေါ်လာ ၁၇,၅၀၀.၀ သန်း တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(Per Capita GDP) ကို နှစ်အလိုက်ဈေးနှုန်းအရ ကျပ် ၁,၉၄၉,၇၃၀ မှ ကျပ် ၂,၁၈၀,၇၅၅ သို့ ဖြစ်ပေါ်လာရန်။

### အခန်း(၃)

### အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် လိုအပ်သောလုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို ကဏ္ဍအလိုက်၊ ဒေသအလိုက် အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့်စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ ပန်းတိုင်များ၊ မဟာဗျူဟာများ၊ လုပ်ငန်းစဉ်များနှင့် အညီ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသောအင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများနှင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းပါ မဟာဗျူဟာများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံကိန်းများပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ်လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရတွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ကာလတို ၅ နှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီးမှ နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြရမည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏အကျိုးစီးပွားအတွက် အရေးကြီးလိုအပ်ချက်အရ ဆောင်ရွက်ရသည့် အထူးစီမံကိန်းများနှင့် စီမံကိန်းဘဏ်အတွင်း ထည့်သွင်းစိစစ်အတည်ပြုထားသည့် ဗျူဟာမြောက်စီမံကိန်းများကို ကာလတို ၅ နှစ် စီမံကိန်းတွင်မပါရှိသော်လည်း နှစ်စဉ်အမျိုးသားစီမံကိန်းတွင် ထည့်သွင်းဖော်ပြခွင့်ရှိသည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက်လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်။

၁၄။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ)ဝင်းမြင့်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**(ပူးတွဲပါဇယားများကို ဆက်လက်ဖော်ပြပါမည်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO နှင့် UN Women မှ ဌာနေကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ



**ရန်ကုန် စက်တင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် UNESCO မှ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim နှင့် UN Women မှ ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat တို့အား ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် UNESCO မှ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim နှင့် UN Women မှ ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat တို့အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

**ဆွေးနွေး**

တွေ့ဆုံစဉ် UNESCO နှင့် UN Women တို့ ပူးပေါင်းပြီး ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ သတင်းရေးသားထုတ်ပြန်မှု၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ Social Media အသုံးပြုမှုနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ သင်တန်းများပို့ချနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ အမျိုးသား၊ အမျိုးသမီး နှစ်သင်းစလုံး ပထမဆုဆွတ်ခူး

**နေပြည်တော် စက်တင်ဘာ ၁၃**

ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၊ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း (အမျိုးသား) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း(အမျိုးသား)တို့ ယှဉ်ပြိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက ကာကွယ်ရေးဝန်ကြီးဌာန အသင်းကို ၂၇-၂၅၊ ၂၅-၁၇၊ ၂၀-၂၅၊ ၂၃-၂၅၊ ၁၅-၁၁ မှတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ နေရာအလိုက်နှင့် အကောင်းဆုံးကစားသမားဆုရရှိသူများကို ဆုကြေးငွေကျပ်တစ်သိန်းနှင့် အမျိုးသမီးအတိုးတက်ဆုံးဆုရရှိသော ပညာရေးဝန်ကြီး ဌာနအသင်းအား ဆုကြေးငွေကျပ် သုံးသိန်းကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား ဗိုလ်မှူးချုပ် ရဲရင့်ဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းအား ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

၂၀၁၉ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲ၌ ငွေသားဆုချီးမြှင့်ပေးအပ်ရာတွင် ပထမဆု ငွေကျပ် ၁၀သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်းနှင့် တတိယဆု ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်၊ ကိုမင်း**



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ဆုရရှိသည့် အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးထောက်ပံ့

နေပြည်တော် စက်တင်ဘာ ၁၃

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့မဒေါက်တိုင်တရာဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဘုန်းတော်ကြီးအား ဖူးမြော်ကြည်ညို၍ အလှူငွေ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းရှိ ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၄၆၀၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၉၆၇၉၉၀၀၊ ညောင်လေးပင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို တာပေါ်လင်လိပ် ၂၅ လိပ်၊ ရွှေကျင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၁၃၇၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၂၉၃၈၀၀ (**ယာပုံ**)နှင့် ရွှေကျင်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ကယ်ဆယ်ရေးဖိုင်ဘာစက်လှေတစ်စင်းအတွက် ငွေကျပ် ၄၅ သိန်းနှင့် တာပေါ်လင်လိပ် ၂၅ လိပ်တို့ကို ထောက်ပံ့ရာ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများက လက်ခံကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကလေးငယ်များအား ကစားစရာနှင့်



အာဟာရမုန့်များ ပေးဝေခဲ့ကြသည်။

ဆက်လက်ပြီး ညောင်လေးပင်မြို့နယ် ရေကျော်လေးကျေးရွာရှိ ကျေးရွာချင်းဆက် ဘိုင်းဒါးချောင်းကူးတံတားပေ ၄၀ ခန့် မျောပါပျက်စီးလျက်ရှိရာ ပြုပြင်တည်ဆောက်ရန် ငွေကျပ် ၂၅ သိန်းကိုထောက်ပံ့ခဲ့သည်။ အဆိုပါချောင်းကူးတံတားသည် ရေကျော်လေးကျေးရွာ တောင်ဘက်ကမ်းနှင့် မြောက်ဘက်ကမ်းကို ဆက်သွယ်ပေးထားရာ ကိုးထောင်ပေါက်ကျေးရွာနှင့် ဘိုင်းဒါးကျေးရွာများရှိ ပြည်သူများ နေ့စဉ်ကူးလူးသွားလာလျက်ရှိကြပြီး ကျောင်းသားကျောင်းသူ ၂၀၀ ကျော် ဖြတ်သန်းသွားလာအသုံးပြုနေရသော ကျေးရွာချင်းဆက်တံတားဖြစ်သည်။

ထို့နောက် ပဲခူးမြို့နယ် မြို့သစ်ရပ်ကွက် ကြခတ်ဝိုင်းတောရဘုန်းကြီးကျောင်း၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ပဲခူးမြို့ မြို့သစ်ရပ်ကွက်ရှိ ရေဘေးရှောင်ပြည်သူ ၁၀၁၆ ဦးအတွက် စားနပ်ရိက္ခာဖိုး ငွေကျပ် ၂၁၃၃၆၀၀ ကို ထောက်ပံ့ပြီး ကလေးငယ်များအား ကစားစရာများနှင့် အာဟာရမုန့်များ ပေးဝေခဲ့သည်။

ညနေပိုင်း၌ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရေဘေးကယ်ဆယ်ရေး ကွပ်ကဲရေးရုံး တည်ရှိရာ ဗုဒ္ဓအသံဓမ္မဗိမာန်သို့ ရောက်ရှိပြီး ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ထောက်ပံ့ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီရှိ မွန်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး ဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ကလေးငယ်များအား ကစားစရာနှင့် အာဟာရမုန့်များ ပေးဝေခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ယခုလို ရေကြီးရေလျှံမှုကြောင့် ယာယီစခန်းများတွင် လာရောက်ခိုလှုံစဉ် ကူးစက်ရောဂါများ မဖြစ်စေရန် ကျန်းမာရေးအသိရှိကြရန် လိုပါကြောင်း၊ ကလေးငယ်များအား ရေဘေးဖြစ်ပွားပြီး ဆောင်ရန်၊ ရှောင်ရန် လိုက်နာရန်များကို ပြောပြထားရန် လိုကြောင်း၊ စားသောက်ရိက္ခာများကို လိုအပ်သလို ဆက်လက်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ စိုးရိမ်သောက မဖြစ်ကြရန် အားပေးစကား ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၊ ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်မြို့နယ်တို့တွင် ယနေ့စာရင်းအရ ကယ်ဆယ်ရေးစခန်း ၄၄ ခု ဖွင့်လှစ်ထားပြီး လူဦးရေ ၂၇၇၀၈ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ စုစုပေါင်း ငွေကျပ် ၅၈၁၈၀၅၀၀၊ တာပေါ်လင် အလိပ် ၁၀၀၊ ကျောင်းဝတ်စုံ ၂၀၀၀ ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံ

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်နေမှု၊ ဗစ်တိုးရီးယားကိစ္စ အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်နေမှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကောလာဟလ သတင်းများထွက်ပေါ်နေမှု ရှင်းလင်းဖြေကြား




နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲတွင် ရှင်းလင်းဖြေကြားစဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဒီနေ့သတင်းထောက်များကို အထူးတလည် ရှင်းလင်းတင်ပြဖို့က ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ပါတယ်။ အခုငြိမ်းချမ်းရေးဖြစ်စဉ်မှာ မကြာသေးခင်ကပဲ ကျွန်တော်တို့ ၇ ရက်နေ့မှာ KNU နဲ့ ရန်ကုန် NRPC မှာ ဆွေးနွေးပါတယ်။ နောက်ပြီး ၁၀ ရက်နေ့မှာ KNU အပါအဝင် NCA လက်မှတ်ထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင် ၁၀ ဖွဲ့နဲ့ ဆွေးနွေးပါတယ်။ အဓိက အကြမ်းဖျင်းအားဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တရားဝင်ဆွေးနွေးပွဲတွေ ရပ်ဆိုင်းနေတာနဲ့ပတ်သက်ပြီး EAO ဘက်က စိုးရိမ်တာတွေ၊ လိုလားချက်တွေ ဒီအပေါ်မှာ အစိုးရက ခြုံငုံပြီး အဆိုပြုထားတာ ရှိပါတယ်။

"Way Forward for Peace Process ဆိုပြီး Process ၄ ခု ရှိပါတယ်။ ကျွန်တော်တို့ ချင်းမိုင်မှာ ပြီးခဲ့တဲ့ PPST အစည်းအဝေးမတိုင်ခင် ငြိမ်းချမ်းရေးကော်မရှင်က သွားပြီး အသေးစိတ်ရှင်းပြရပါတယ်။ ဒီအပေါ်မှာ PPST က အစိုးရနဲ့ ဆွေးနွေးဖို့ ဆုံးဖြတ်ချက်တွေ ချလိုက်ပါတယ်။ အဖွဲ့တွေ ဖွဲ့စည်းပြီး လွှတ်လိုက်တဲ့အပေါ်မှာ ကျွန်တော်တို့ ပြန်ပြီးတွေ့တာ ဖြစ်တယ်။ တွေ့တဲ့အခါမှာလည်း နောက်ထပ်အဆိုပြုချက်တွေကို အဆိုပြု ခဲ့ပါတယ်။ အဆိုပြုချက်တွေအပေါ်မှာလည်း EAO တွေရဲ့သဘောထားက တော်တော်လေး အပြုသဘောဆောင်ပါတယ်။ သူတို့ရဲ့ လိုလားချက်တွေအပေါ်မှာလည်း ပြည့်စုံတဲ့ သဘော ရှိပါတယ်။ အဲဒီလိုလားချက်တွေ ပြည့်စုံအောင်လည်း ကျွန်တော်တို့ လုပ်ထားတာဖြစ်တယ်။ အဲဒါလေးကို ကျွန်တော်တို့ အကြမ်းဖျင်းရှင်းပြမှာ ဖြစ်ပါတယ်။

### ယုံကြည်မှုတည်ဆောက်ရေး

"စက်တင်ဘာ ၁၃ ရက်နေ့အထိ EAO အဖွဲ့အနေနဲ့ ၁၈ ဖွဲ့ ရှိပါတယ်။ NCA လက်မှတ်ထိုးပြီးသားအဖွဲ့ ၁၀ ဖွဲ့ ရှိပါတယ်။ မထိုးရသေးတာ မြောက်ပိုင်းအဖွဲ့ ၇ ဖွဲ့ ရှိတယ်။ မထိုးရသေးတဲ့အဖွဲ့ထဲမှာ KNPP ရှိပါတယ်။ ဒီအဖွဲ့တွေက NCA ရေးထိုးပြီး NCA ရဲ့ Mechanism ယန္တရားဖြစ်တဲ့ JICM, JMC နဲ့ UPDJC ဖြစ်ပါတယ်။ JMC ကတော့ အပစ်အခတ်ရပ်စဲရေးအပိုင်းဖြစ်ပါတယ်။ UPDJC က နိုင်ငံရေးဆွေးနွေးမှုအပိုင်း ဖြစ်ပါတယ်။ ဒီအရာတွေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံမှာ စုစည်းပါတယ်။ အထူးသဖြင့် JMC အပိုင်းမှာ ယုံကြည်မှုတည်ဆောက်ရေးနဲ့ ပတ်သက်လို့ JMC Mechanism ရှိပါတယ်။ ယုံကြည်မှုတည်ဆောက်ရေးကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ UPDJC က တာဝန်ယူ ဆောင်ရွက်နေတာဖြစ်တယ်။

"ကျွန်တော်တို့ ကြားမှာဖြစ်နေတဲ့ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုဖြစ်ပါတယ်။ ဒါတွေအားလုံးက ယုံကြည်မှုတည်ဆောက်ရေးအပိုင်းမှာ အရေးကြီးတယ်။ အဲဒါတွေကို ပြန်လည်သုံးသပ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီကနေ ၂၁ ရာစုပင်လုံညီလာခံကို ဆက်လက်ဆောင်ရွက်သွားပါမယ်။ ဒါကတော့ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေနဲ့ ဆွေးနွေးနေပါတယ်။ နိုင်ငံရေးသဘောတူညီချက်တွေရဖို့ ကျွန်တော်တို့ ဆက်ပြီးဆောင်ရွက်သွားပါမယ်။ နိုင်ငံရေးသဘောတူညီချက်ဆိုတာ ဖက်ဒရယ်နဲ့ ပတ်သက်တဲ့ အဓိကကတော့ မြန်မာနိုင်ငံကို ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်တဲ့အခါ အနာဂတ်မှာ ဖြစ်ပေါ်လာတဲ့ ဖက်ဒရယ်ပြည်ထောင်စုက ဘယ်လိုဖက်ဒရယ် ပြည်ထောင်စုမျိုးလဲ။

"နောက်တစ်ခုက ကျွန်တော်တို့ အဆင့်လိုက် ဖော်ဆောင်သွားမှာဖြစ်တဲ့အတွက် ခေါင်းဆောင်တွေရဲ့ကတိကဝတ် နှစ်ဖက်သဘောတူညီချက်က ဘယ်လိုယူမလဲ။ နောက်တစ်ချက်က ၂၀၂၀ ပြည့်နှစ်မှာ ရွေးကောက်ပွဲတွေ ကျင်းပမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေ ကျင်းပပြီးရင် အစိုးရသစ် အပြောင်းအလဲတွေ ဖြစ်လာနိုင်ပါတယ်။ အဲဒီတော့ ၂၀၂၀ ရွေးကောက်ပွဲတွေ အလွန်ကာလမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုဆက်သွားမလဲ။ အဲဒါကို Before & Beyond 2020 ဆိုပြီး လုပ်ထားပါတယ်။ ဒီဟာက ၂၀၂၀ ရွေးကောက်ပွဲတွေမတိုင်ခင်မှာ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် နိုင်ငံရေးဆွေးနွေးမှုနဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဒီအပိုင်းမှာ ဘယ်လိုပြန်ပြီး အဆုံးသတ်မလဲ။ အဲဒီကနေတစ်ဆင့် နောင်အစဉ်အဆက် ၂၀၂၀ အထိ ဘယ်လိုဆက်ပြီးသွားမယ်ဆိုတဲ့ လုပ်ငန်းစဉ်ကို ကျွန်တော်တို့ ဆွေးနွေးမှာဖြစ်တယ်။ ပြီးရင် Union Accord မှာ အတည်ပြုပါမယ်။ သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးပြီးရင် ပြည်ထောင်စုလွှတ်တော်ကို တင်မယ်။ လွှတ်တော်က အတည်ပြုသွားပြီးတဲ့အချိန်ကျရင် နောင်လာမယ့် အစိုးရအဆက်ဆက် ဒီအတိုင်းဆောင်ရွက်ဖို့ လက်မှတ်ထိုးပြီးသားအဖွဲ့ ၁၀ ဖွဲ့နဲ့ ကျွန်တော်တို့ ဒီအတိုင်း ဆောင်ရွက်နေတာဖြစ်တယ်။

"တစ်ချိန်တည်းမှာပဲ လက်မှတ်မထိုးဘဲကျန်ရှိတဲ့ KNPP နဲ့ ပူးတွဲကြေညာချက်ကို ကယားပြည်နယ် လွိုင်ကော်မှာ ကျွန်တော်တို့ ထုတ်ပြန်ပြီးသွားပြီ။ Bilateral Ceasefire Agreement ရဲ့ ကတိကဝတ်တွေကို ကျွန်တော်တို့ ပြန်လုပ်ထားပြီးသွားပြီ။ အဲဒီတော့ KNPP နဲ့ ကျွန်တော်တို့ ဆွေးနွေးနေတာသည် ဘယ်အချိန်မှာ NCA လက်မှတ်ရေးထိုးမလဲဆိုတဲ့ Timing ကို ဆွေးနွေးနေတာဖြစ်ပါတယ်။ ပြီးရင်တော့ NCA မှာလာပြီး KNPP နဲ့ ပူးပေါင်းမယ်။ ပြီးရင် NCA ရဲ့ယန္တရားတွေဖြစ်တဲ့ JICM၊ JMC နဲ့ UPDJC မှာ သူတို့ပူးပေါင်းမယ်။

### NCA လမ်းကြောင်းကို ဆက်သွားမှာဖြစ်

"နောက်ပြီး မြောက်ပိုင်းအဖွဲ့ ၇ ဖွဲ့ရှိပါတယ်။ UWSA၊ MNDAA၊ SSPP အဖွဲ့တွေနဲ့ကတော့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှုတွေ ရှိပါတယ်။ တိုက်ပွဲတွေ ကြီးကြီးမားမား ဖြစ်ပွားတာမရှိဘူး။ အထူးသဖြင့် "ဝ" နဲ့ မိုင်းလားက တိုက်ပွဲမရှိဘူး၊ ပဋိပက္ခ မရှိဘူး။ KIA၊ KIO နဲ့က Bilateral ရှိသော်လည်း တိုက်ပွဲတွေ ပြန်ဖြစ်လာတဲ့ အခြေအနေတွေ ရှိပါတယ်။ AA၊ TNLA၊ MNDAA မြောက်ပိုင်း ၃ ဖွဲ့နဲ့ နှစ်ဦးနှစ်ဖက်ကြားမှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက် လုံးဝမရှိသေးပါဘူး။ ဒီ ၃ ဖွဲ့နဲ့ KIA ကို ပေါင်းပြီး ဆွေးနွေးနေပါတယ်။ အခုအစိုးရလက်ထက် ပထမပိုင်းမှာ ဒီအဖွဲ့ ၃ ဖွဲ့တွေနဲ့ Statement ထုတ်ဖို့ ကျွန်တော်တို့ ညှိနှိုင်းခဲ့တယ်။ ထုတ်ပြီးသွားပြီ ဆက်ပြီး Bilateral ကို KIA အပါအဝင် ၄ ဖွဲ့နဲ့ ညှိနှိုင်းနေပြီး အဆင့် ၃ ဆင့်နဲ့ စေ့စပ်ညှိနှိုင်းမှု လုပ်နေပါတယ်။ ဒီအဆင့် ၃ ဆင့်က ဒီ ၄ ဖွဲ့နဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု ရယူပါမယ်။ ပြီးရင် တစ်ဖွဲ့ချင်းနဲ့ Bilateral Ceasefire ယူပါမယ်။ ပြီးရင် NCA သွားဖို့ရှိပါတယ်။ ကျန်တဲ့ တချို့အဖွဲ့အစည်းတွေရှိတယ်။ MoU ရေးထိုးနိုင်ဖို့ ညှိနှိုင်းနေတာတွေရှိတယ်။ ပြီးရင် NCA လမ်းကြောင်းကို ဆက်သွားမှာဖြစ်ပါတယ်။

"မိုင်းလားက ပြီးခဲ့တဲ့ သူတို့ရဲ့နှစ် ၃၀ ပြည့် အခမ်းအနားမှာ မိုင်းလားဥက္ကဋ္ဌကိုယ်တိုင်လည်း ပြောထားတယ်။ NCA လက်မှတ်ထိုးဖို့ သူတို့အနေနဲ့ အဆင်သင့်ဖြစ်ပြီလို့ ပြောထားပါတယ်။ SSPP လည်း အလားတူပဲ NCA သွားဖို့ စောင့်ဆိုင်းနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီ ၇ ဖွဲ့နဲ့လည်း NCA လမ်းကြောင်း ပူးပေါင်းဆောင်ရွက်ဖို့ ညှိနှိုင်းနေတယ်။

"ကျွန်တော်တို့ရဲ့စိန်ခေါ်မှုတွေက ၂၀၂၀ မတိုင်မီနဲ့ ၂၀၂၀ အလွန်ကာလတွေအတွက် အဖွဲ့တွေအားလုံးကြားမှာ တူညီတဲ့ မျှော်မှန်းချက်တွေရရှိဖို့ ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုက NCA Process နဲ့ Informal Process၊ Parallel Process တွေကို အဆင်ပြေချောမွေ့အောင် အခုလက်ရှိအစိုးရက ကြိုးပမ်းဆောင်ရွက်နေပါတယ်။

### တူညီတဲ့ဖွင့်ဆိုချက်တွေ၊ နားလည်မှုတွေ စိန်ခေါ်မှုတွေဖြစ်

"နောက်တစ်ခုက NCA ယန္တရားတွေဖြစ်တဲ့ JMC နဲ့ UPDJC နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၊ NCA ကြားမှာ တူညီတဲ့ဖွင့်ဆိုချက်တွေ၊ တူညီတဲ့နားလည်မှုတွေ လုပ်ဖို့ ဆိုတာ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေဖြစ်တယ်။ အဲဒါတွေကို အစိုးရဆောင်ရွက်ဖို့ ရှိပါတယ်။ နောက်တစ်ခုက NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေဖြစ်ပါတယ်။ KIA + 3 အနေနဲ့ ကျွန်တော်တို့ ပြောနေပါတယ်။ NCA လက်မှတ်မထိုးသေးတဲ့ အဖွဲ့ ၇ ဖွဲ့လုံး NCA ထီးရိပ်အောက်ကို ရောက်လာပြီးတဲ့အချိန် ဥပမာ တပ်မတော်က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အဆင်ပြေအောင် တစ်ဖက်သတ် အပစ်ခတ်ရပ်စဲဖို့ ကြေညာထားတဲ့ကာလက လာမယ့် ၂၁ ရက်နေ့ဆို ပြည့်ပါပြီ။ နောက်ထပ်လည်း ဒီလိုဆွေးနွေးမှုတွေအပေါ် မူတည်ပြီး တပ်မတော်ကလည်း အပစ်ခတ်ရပ်စဲတဲ့ကာလကို ထပ်တိုးပေးခဲ့တဲ့သဘောရှိပါတယ်။ ၁၇ ရက်နေ့ တွေ့မှာဖြစ်ပါတယ်။ ၁၇ ရက်နေ့တွေ့ပြီးရင် တွေ့ဆုံမှုရလဒ်ပေါ်မူတည်ပြီး တပ်မတော်ရဲ့ အပစ်ရပ်ကြေညာချက် ထပ်ပြီးသက်တမ်းတိုးသွားမှာပါ။ ဒီကာလတွေပြီးတဲ့အချိန်မှာ ၇ ဖွဲ့လုံးနဲ့ NCA ရေးထိုးဖို့ အခြေအနေက ဆက်လက်ကြည့်ရမယ့် အလားအလာတစ်ခု ဖြစ်ပါတယ်။

"နောက်တစ်ခုက UWSA နဲ့ ဆွေးနွေးနေတဲ့ အနေအထားဖြစ်တယ်။ အဲဒီ အနေအထားမှာ အခုလောလောဆယ် KNPP နဲ့လည်း Bilateral ဆွေးနွေးတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ တွေ့ဆုံစဉ်မှာလည်း KNPP ရဲ့ လိုလားချက်တွေအပေါ်မှာ အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့်အပိုင်းတွေ ထပ်ပြီး ညှိဖို့ရှိတယ်။

### NCA ရေးထိုးဖို့ ၇ ဖွဲ့နဲ့ ညှိနှိုင်းတဲ့အဆင့် ကြိုးပမ်းနေ

"နောက်ဆုံးအခြေအနေက မြောက်ပိုင်းမှာရှိတဲ့ KIA + 3 အဖွဲ့နဲ့ စေ့စပ်ညှိနှိုင်းရေး အဆင့် ၃ ဆင့် ဆောင်ရွက်နေပါတယ်။ လေးဖွဲ့သွားမယ်၊ တစ်ဖွဲ့ချင်းသွားမယ်။ တတိယ အဆင့်ကတော့ NCA ထိုးဖို့အဆင့် ဒီ ၃ ဆင့်နဲ့ ကျွန်တော်တို့သွားပါမယ်။ KNPP နဲ့ကတော့ NCA ထိုးမယ့်အချိန်ကာလကို ညှိနှိုင်းနေတယ်။ အဲဒီတော့ အစိုးရရဲ့ လတ်တလော ရည်ရွယ်ချက်ကတော့ NCA ရေးထိုးဖို့ ၇ ဖွဲ့နဲ့ ညှိနှိုင်းတဲ့အဆင့်ရောက်လာအောင် ကြိုးပမ်းနေတာဖြစ်တယ်။ ဒါကတော့ ကျွန်တော်တို့ UPDJC အတွင်းရေးမှူးများ အလွတ်သဘော အစည်းအဝေးမှာ အစိုးရက အဆိုပြုလိုက်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ဖို့ မျဉ်းပြိုင်လုပ်ငန်းစဉ် ၄ ရပ်ဖြစ်ပါတယ်။

"နံပါတ်တစ်က NCA အကောင်အထည်ဖော်မှု ဖြစ်ပါတယ်။ NCA အကောင်အထည်ဖော်မှုမှာ NCA အခန်း ၃ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ အခန်း ၄ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲမှု ခိုင်မာရေး၊ အခန်း ၆ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုတွေကို ဆွေးနွေးဖို့ သဘောတူထားပါတယ်။ ပြီးရင် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေ ဆွေးနွေးဖို့ သဘောတူထားပါတယ်။ NCA နဲ့ ပတ်သက်ပြီး မှီငြမ်းကိုးကားရမယ့် အစည်းအဝေးဆုံးဖြတ်ချက် မှတ်တမ်း ၃၆ ချက်ရှိတယ်။ တကယ်တမ်း ပြန်ဆွေးနွေးမယ်ဆိုရင် ၈ ချက်လောက် အကျေအလည်ဆွေးနွေးဖို့လိုပါမယ်။ အဲဒါတွေ ဆွေးနွေးဖို့ ကျွန်တော်တို့ သဘောတူပါတယ်။

"နောက်တစ်ချက်က NCA ရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ဘုံတူညီတဲ့ ဖွင့်ဆိုချက်တွေ ရဖို့လိုတယ်။ ဘာကြောင့်လဲဆိုတော့ EAO ခေါင်းဆောင်တချို့ စာအုပ်တွေထုတ်ထားပါတယ်။ NCA အဓိပ္ပာယ်ဖွင့်ဆိုချက်များဆိုပြီး နှစ်အုပ်လောက် ထုတ်ဝေပြီးသွားပြီ။ နောက်ပြီး အစိုးရဘက်မှာလည်း NCA ညှိနှိုင်းစဉ်က ဗီဒီယိုမှတ်တမ်းတွေ၊ အသံဖိုင်တွေ ဒါကိုကြည့်ပြီး အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒါတွေကို တပ်မတော်ဘက်ကလည်း လုပ်ထားပါတယ်။ ဖွင့်ဆိုချက်တွေက တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူဘူး။ နားလည်မှုက မတူဘူး။ ဒါတွေကို ကျွန်တော်တို့က အလုပ်အဖွဲ့ ဖွဲ့မယ်။ 3 + 3 က အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ညှိနှိုင်းမယ်။ ဘာလို့ 3 + 3 လဲ ဆိုတော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော် တစ်ဦးစီရှိမယ်၊ NCA ရေးထိုးပြီးသားအဖွဲ့တွေထဲက ကိုယ်စားလှယ်သုံးဦးနဲ့ အလုပ်အဖွဲ့ဖွဲ့ဖို့ ညှိနေတဲ့သဘော ဖြစ်ပါတယ်။ ဒါကို အစိုးရဘက်က အဆိုပြုတယ်။ ဒီအဖွဲ့တွေနဲ့ NCA အကောင်အထည်ဖော်မှုနဲ့ပတ်သက်တာတွေ ဆွေးနွေးမယ်။

### ဖက်ဒရယ်အခြေခံမူတွေ ရရှိအောင်

"ဒုတိယက မျဉ်းပြိုင်လုပ်ငန်းစဉ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ဖက်ဒရယ်အခြေခံမူတွေ ရရှိအောင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ လုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်ဖို့ ဖြစ်တယ်။

"နောက်ပြီး တတိယ မျဉ်းပြိုင်လုပ်ငန်းစဉ်က ၂၀၂၀ မတိုင်ခင်မီမှာ ကျွန်တော်တို့ ဘာတွေရအောင်လုပ်မလဲ၊ ၂၀၂၀ ကျော်လွန်တဲ့ကာလမှာ အစိုးရ၊ တပ်မတော်၊ EAO တွေကြားမှာ ဘယ်လိုဆက်ပြီး အဆင့်လိုက် ဆောင်ရွက်မလဲဆိုတာတွေကို ဆွေးနွေးမယ်။ နောက်ဆုံးကျရင် ကျွန်တော်တို့ UPC တင်မယ်။ ဒီ ၃ ခုအပြင် အထူးသဖြင့် NCA အခန်း ၆ ဖြစ်တဲ့ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုက ကျွန်တော်တို့ကြားမှာ ဆွေးနွေးဖို့က NCA ရဲ့ပြဋ္ဌာန်းချက်တွေ ရှည်ကြာမယ့်သဘောရှိတယ်။ အထူးသဖြင့် အပစ်ရပ် နယ်မြေ၊ အပစ်ရပ်ဒေသ ကြေညာချက်လိုတယ်။ NCA ပုဒ်မ ၂၅ မှာ အဖွဲ့အစည်းတွေရဲ့ မိမိတို့နဲ့သက်ဆိုင်တဲ့ အပစ်ရပ်နယ်မြေအတွင်းမှာ အဲဒီလိုဆိုထားပါတယ်။ အဲဒီတော့ အပစ်ရပ်နယ်မြေနဲ့ပတ်သက်လို့ ကျွန်တော်တို့ JMC မှာ ဖွင့်ဆိုဖို့ ခက်နေတယ်။ သတ်မှတ်ဖို့လည်း ခက်နေတယ်။ ဒီအနေအထားက တပ်တည်နေရာတွေ အတိအကျ ပိုင်းခြားရမှာဖြစ်တဲ့အတွက် ဆွေးနွေးဖို့လည်းခက်တယ်။ ပြေလည်ဖို့လည်း အချိန်ယူရမှာဖြစ်တဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်တွေပါတယ်၊ ဆွေးနွေးလို့ မပြီးမချင်း ပြည်သူလူထုအတွက် ငြိမ်းချမ်းရေးရဲ့အကျိုးတရား၊ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေရဖို့ နှောင့်နှေးနေဖို့ ကျွန်တော်တို့ အစိုးရအနေနဲ့ မလိုလားဘူး။ အဲဒီတော့ ဒါကိုလည်း ဆွေးနွေးမယ်။ တစ်ချိန်တည်းမှာပဲ ငြိမ်းချမ်းရေးအသီးအပွင့်တွေ အထူးသဖြင့် NCA ရေးထိုးပြီးသား အဖွဲ့အစည်းတွေရဲ့နယ်မြေတွေမှာ ရှိတဲ့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး စတဲ့ကိစ္စရပ်တွေကို Bilateral တစ်ဖွဲ့ချင်း ဆောင်ရွက်မယ်လို့ အစိုးရဘက်က အဆိုပြုပါတယ်။ ဒါကတော့ ၁၀ ဖွဲ့လုံးနဲ့ ဆောင်ရွက်မှာ မဟုတ်ဘူး။ တစ်ဖွဲ့ချင်း သီးသန့်လုပ်မယ်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

"ပြီးရင်တော့ ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လက်တွေ့ မြေပြင်မှာ ဖြစ်ပေါ်လာဖို့ လုပ်မယ်။ ပြီးရင် State Vision ဆိုတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ မျှော်မှန်းချက်တွေ ဝိုင်းပြီးလုပ်ကြမယ်။ အစိုးရဘက်က ဘယ်လောက်အထိ အဆိုပြုထားသလဲဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရ၊ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်၊ EAO တွေ၊ CSO နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ အားလုံးပေါင်းပြီး လုပ်ကြမယ်။ ဥပမာ - မွန်ပြည်နယ်မှာဆိုရင် အားသာချက်က ဘာတွေလဲ၊ အားနည်းချက်က ဘာတွေလဲ၊ စီးပွားရေးအခွင့်အလမ်းတွေက ဘာတွေလဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုတွေက ဘာတွေလဲ ဒါမျိုးတွေကို ဆွေးနွေးပါတယ်။

"ပြည်နယ်ရဲ့ ဘယ်နေရာမှာ စက်မှုဇုန် ဆောင်ရွက်မယ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြို့ပြအိမ်ရာနဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ ဘယ်လိုထိန်းသိမ်းမလဲ ဒါမျိုးတွေပါတယ်။ နောင်ဆယ်နှစ်မှာ မွန်ပြည်နယ်ကို ဘယ်လိုမြင်ချင်တာလဲ။ ဒီလိုမျိုး တိုင်းဒေသကြီးနဲ့ ပြည်နယ် တစ်ခုစီရဲ့ မျှော်မှန်းချက်တွေကို ပူးပေါင်းပြီးဆောင်ရွက်ဖို့အထိ ကမ်းလှမ်းထားတာ ဖြစ်ပါတယ်။ EAO တွေကို အဆိုပြုထားတာဖြစ်ပါတယ်။ တချို့အဖွဲ့အစည်းတွေကလွဲပြီး အားလုံးနီးပါးက အစိုးရရဲ့ အဆိုပြုချက်ကို လက်ခံတယ်။ အခု စလုပ်နေပြီဖြစ်ပါတယ်။ စိုက်ပျိုးရေးဇုန်တွေ ထူထောင်ဖို့၊ လူနေအိမ်တည်ဆောက်ဖို့တွေ ဒါတွေကို အစိုးရနဲ့ စပြောနေပြီဖြစ်ပါတယ်။ တချို့ဆိုရင် လျှပ်စစ်ဓာတ်အားကို တစ်ပိုင်တစ်နိုင် ဘယ်လိုထုတ်ကြမလဲ၊ လျှပ်စစ်ဓာတ်အားထုတ်ဖို့ အရင်းအမြစ်တွေ ဘာတွေရှိသလဲဆိုတာတွေကို ဖြစ်နိုင်ခြေဆန်းစစ်ချက်တွေ ဦးစားပေးလုပ်ဖို့ရှိပါတယ်။

"အဓိက ကတော့ ဒီသုံးချက် ဖြစ်ပါတယ်။ ဒါကလည်း EAO ခေါင်းဆောင်တွေရဲ့စိုးရိမ်နေတဲ့အချက်တွေပါ။ ပြီးခဲ့တဲ့ ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ တတိယအစည်းအဝေးမှာ ထုတ်ပြန်ကြေညာချက်ရှိတယ်။ အဲဒီမှာ ၂၀၁၉ ခုနှစ်မှာ ငြိမ်းချမ်းရေး ညီလာခံကို ၂ ကြိမ်လုပ်မယ်။ ၂၀၂၀ ပြည့်နှစ်မှာ ၁ ကြိမ်လုပ်မယ်၊ ဒီ ၃ ကြိမ်မှာ Federal Principle တွေ၊ Democracy Principle တွေကို အုတ်မြစ်ချနိုင်အောင် ကြိုးပမ်းမယ်။ အဲဒီတော့ ၂၀၂၀ အလွန်ကျရင် နိုင်ငံရေးဆွေးနွေးပွဲတွေ မရှိတော့ဘူးလားဆိုတာ ဖြစ်လာပါတယ်။

**အဆင့်အလိုက် ဘယ်လိုအကောင်အထည်ဖော်မလဲ**

"နောက်တစ်ချက်က နေပြည်တော် ရွှေစံအိမ်ဟိုတယ်မှာ ပြုလုပ်ခဲ့တဲ့ NCA သုံးနှစ်ပြည့်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ်မှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ ပြီးပြတ်အောင် ကြိုးပမ်းမယ်ဆိုပြီး ပြောပါတယ်။ ၂၀၂၀ ပြည့်နှစ်အလွန်ကျရင် တပ်မတော်မှာရော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ မရှိတော့ဘူးလားဆိုတဲ့ စိုးရိမ်တာတွေရှိပါတယ်။ ဒါက ရည်မှန်းချက်တွေ ဖြစ်တယ်။ ဆွေးနွေးပွဲတွေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဆက်ရှိနေဦးမယ်။ တပ်မတော်ဘက်ကလည်း တပ်မတော်ရဲ့လိုလားချက်က ၂၀၂၀ ပြည့်နှစ်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲပြီး နိုင်ငံရေးဆွေးနွေးတဲ့အဆင့် ကိုရောက်စေချင်တဲ့အတွက် မျှော်မှန်းပြီး ပြောတာပါလို့ ပြန်ရှင်းပြပါတယ်။ ဒီအပေါ်မှာ အဆင့်အလိုက် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာကို ဆွေးနွေးကြပါတယ်။ ဒီလိုဆွေးနွေးတော့ အစိုးရရဲ့ အဆိုပြုချက်အပေါ်မှာ PPST ချင်းမိုင်မှာ ဆွေးနွေးတယ်။ ပြီးခဲ့တဲ့ ၇ ရက်နဲ့ ၁၀ ရက်မှာ KNU နဲ့ NCA လက်မှတ်ထိုးတဲ့ ၁၀ ဖွဲ့နဲ့ ပြန်ပြီးဆွေးနွေးတဲ့အတွက် အားလုံးက မူအားဖြင့် သဘောတူညီကြပါတယ်။

"အဲဒီမှာ အစိုးရအနေနဲ့ ဘာကို အဆိုပြုလိုက်သလဲဆိုတော့ ပြည်ထောင်စု သဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း ၃ ကို အဆိုပြုလိုက်ပါတယ်။ EAO တွေနဲ့ ဆွေးနွေးတာက ၂၀၂၀ ပြည့်နှစ် မတိုင်မီမှာ ငြိမ်းချမ်းရေးညီလာခံ တစ်ကြိမ်ရအောင် လုပ်မယ်။ အဲဒီအကြိမ်မှာ Parallel Process ရှိပါတယ်။ ဒါက ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ Frame ကို EAO တွေကို အဆိုပြုလိုက်တာဖြစ်ပါတယ်။ အဲဒီမှာ အပိုင်း ၃ ပိုင်း ပါဝင်ပါတယ်။

"အပိုင်းတစ်က Political Agreement သို့မဟုတ် Framework Agreement လို့လည်း ပြောလို့ရပါတယ်။ ဆိုလိုတာက နိုင်ငံရေးသဘောတူညီချက်ပါ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ EAO နဲ့ နိုင်ငံရေးပါတီတွေရဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို ချမှတ်မှာဖြစ်တယ်။ ဒါက Federal Principle မဟုတ်သေးပါဘူး။ Federal Scope ပါ။ ကျွန်တော်တို့ မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုက ဘယ်လိုပြည်ထောင်စုဖြစ်သင့်လဲ ဆိုတာကို ဒီမှာဆွေးနွေးကြမယ်။ ဥပမာအနေနဲ့ ပြည်ထောင်စု၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအကြားမှာ


**Union Accord – III**
**[UPC-21PL 4th Session]**
Government's Proposal
[2019 Sept 7, 10] [NRPC,YGN]

**Political Agreement**
[Framework Agreement]
1. Federal Scope
2. ____________

**Federal Principles**

**Political Sector**
1. ____________
2. ____________

**Economic Sector**
1. ____________
2. ____________

**Social Sector**
1. ____________
2. ____________

**Security Sector**
1. ____________
2. ____________

**Land & Environment Sector**
1. ____________
2. ____________

[Total = 51+?]

**Blue Print Beyond 2020**
1. Process [Phase by Phase]
   A. ____________
   B. ____________
   C. ____________
2. Implementation [ Phase by Phase]
   A. ____________
   B. ____________
   C. ____________

**အစိုးရက အဆိုပြုထားသည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း ၃။**

ခွဲဝေမှုတွေ ဘယ်လိုလုပ်မလဲ၊ ပြည်ထောင်စုအခြေခံဥပဒေနဲ့ ပြည်နယ် အခြေခံဥပဒေတွေကို ဘယ်လိုလုပ်မလဲ၊ အငြင်းပွားမှုတွေကို ဘယ်လိုဖြေရှင်းမလဲ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဒါမျိုးတွေနဲ့ ပတ်သက်ပြီး အနှစ်သာရ မူဘောင် သဘောတူညီချက်တွေကို ရယူမှာဖြစ်ပါတယ်။

"ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအပိုင်းနဲ့ ပတ်သက်ပြီး အစဉ်အဆက် ဘယ်လိုလုပ်သွားကြမလဲဆိုတဲ့ သဘောတူညီချက်ရရင် ဒီအထဲမှာ ထည့်မှာဖြစ်ပါတယ်။ နှစ်ဖက် ဆက်ညှိမှာဖြစ်ပါတယ်။ ဒါက အနာဂတ်နိုင်ငံတော်နဲ့ ပတ်သက်တဲ့ Framework Agreement တွေဖြစ်ပါတယ်။ အဲဒါကို ယူပြီး ၁၊ ၂၊ ၃၊ ၄ စသဖြင့် ထည့်မယ်။ နောက် တစ်ချက်က Federal Principle ဖြစ်ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံ ဒုတိယအစည်းအဝေးနဲ့ တတိယအစည်းအဝေး နှစ်ခုပေါင်းက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ဆိုပြီး ကဏ္ဍငါးခုကနေ သဘောတူညီချက် ၅၁ ချက် ရထားပါတယ်။ ဒါက အလုပ်အဖွဲ့တွေနဲ့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ လာမယ့် ညီလာခံမှာ ဘယ်လောက်ထပ်ရအောင် လုပ်မလဲ၊ ဘယ်အပိုင်းအထိ ရအောင်လုပ်မလဲ၊ ကြိုးစားကြမလဲ။ ဒီအတိုင်း Federal Principle တင်မလား။ ၅၁ ချက်အပြင် ဘာတွေ ထပ်တိုးပြီးရအောင်လုပ်မလဲဆိုတာကို ဆွေးနွေးကြမှာဖြစ်ပါတယ်။

"နောက်တစ်ချက်က ၂၀၂၀ ပြည့်နှစ်အလွန် ကာလတွေမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ အဆင့်အလိုက် ဘယ်လိုသွားမလဲ။ ဒါကို သဘောတူညီချက် ရယူမယ်။ ဒီကြားမှာ သဘောတူညီချက်ရသွားရင် အကောင်အထည်ဖော်မှုကိုလည်း အဆင့်အလိုက် သွားမယ်၊ အဆင့်အလိုက် လုပ်ငန်းစဉ်သတ်မှတ်မယ်၊ အဆင့်အလိုက် လုပ်ငန်းစဉ်မှာ အကောင်အထည်ဖော်မှုတွေ ဘယ်လိုလုပ်မယ်ဆိုတာ သတ်မှတ်မယ်။ ဒီဟာ တစ်ခုလုံးက လာမယ့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံမှာ ချုပ်ဆိုမယ့် ပြည်ထောင်စု သဘောတူစာချုပ်ကြီး ဖြစ်ပါတယ်။ ဒါကလည်း NLD အစိုးရရဲ့သက်တမ်းအတွင်းမှာ ဆွေးနွေးခဲ့တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အားလုံးကို ပြန်ချုပ်ပြီး နောက်အစိုးရ လက်ထက်မှာ ဆက်ပြီး ဆောင်ရွက်သွားနိုင်အောင်ဆိုတဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ အလေးပေးဆွေးနွေးချင်တာက NCA လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေရဲ့ အကြံဉာဏ်တွေပါဖို့ လိုတယ်လို့ လက်ခံတယ်။ လက်ခံလို့ Framework Meeting တွေမှာ အရင်တုန်းက NCA မထိုးရသေးတဲ့အဖွဲ့တွေ ဖိတ်ခေါ်ပြီး ဆွေးနွေးခဲ့တယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အစိတ်အပိုင်းရှင်းပြ**

"အထူးသဖြင့် ၂၀၂၀ ပြည့်နှစ်အလွန် ကာလတွေမှာ ချမှတ်မယ့်လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော်မယ့် အဆင့်တွေမှာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေရဲ့သဘောထားပါဖို့လိုတယ်။ ဒါမှလည်း သူတို့ရဲ့ ပိုင်ဆိုင်မှု လုပ်ငန်းစဉ်တစ်ခုလို့ မြင်လာမှာဖြစ်ပါတယ်။ ဒါမျိုးနဲ့ ကျွန်တော်တို့က စဉ်းစားပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအတိုင်းဆောင်ရွက်ဖို့လည်း ကမ်းလှမ်းထားတာ ဖြစ်ပါတယ်။ ကျန်တဲ့ Timeline တွေကိုလည်း EAO တွေက မူအားဖြင့် သဘောတူတယ်။ ဒါပေမယ့် PPST လိုနေရာမျိုးမှာ ပြန်ပြီးတင်ပြကြဖို့ရှိပါတယ်။ တင်ပြပြီးရင် ကျွန်တော်တို့နဲ့ ပြန်တွေ့ပြီး ဘယ်လိုရအောင်လုပ်ကြမလဲ ဆိုတာကို ဖော်ထုတ်ကြမှာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်တဲ့ အစိတ်အပိုင်းတွေကို ရှင်းပြတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ အဂတိလိုက်စားမှုများကို အရေးယူဆောင်ရွက်နေမှု၊ ဗစ်တိုးရီးယားကိစ္စ အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်နေမှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကောလာဟလသတင်းများထွက်ပေါ်နေမှု စသည့်မေးမြန်းမှုများကို ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ဖြေကြားသည်။

**စက်မှုဝန်ကြီး ဦးခင်မောင်ချို နုတ်ထွက်သွားပြီးနောက်ပိုင်း BPI စက်ရုံမှူး ဒေါက်တာအောင်ဇော်ကို အဂတိမှုနဲ့ စစ်ဆေးနေခြင်းသည် ဆက်စပ်မှု ရှိ/မရှိ၊BPI စက်ရုံမှူး၏ ပထမဆုံးရုံးချိန်းတွင် ဝန်ထမ်းများ ဝိုင်းရံမှုကိစ္စ**နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး က "စက်မှုဝန်ကြီး ဦးခင်မောင်ချိုကိစ္စနှင့် BPI စက်ရုံမှူး ဒေါက်တာအောင်ဇော်၏ အမှုကိစ္စသည် ဆက်စပ်ခြင်း မရှိပါဘူး။ ဦးခင်မောင်ချိုကိစ္စသည် နိုင်ငံတော်သမ္မတထံ သီးခြားတိုင်ကြားမှုဖြစ်ပြီး ၎င်းကို စစ်ဆေး၍ တာဝန်ယူမှု၊ တာဝန်ခံမှုအရ ထွက်ခြင်းဖြစ်ပါတယ်။ ဒေါက်တာအောင်ဇော်ကိစ္စသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို တိုင်ကြားတာ ဖြစ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကနေ အရေးယူဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီနှစ်ခုက ဖြစ်စဉ်အခြေခံ အကြောင်းရင်းကလည်း ဆက်စပ်မှုမရှိပါဘူး။ အရေးယူ ကိုင်တွယ်ဆောင်ရွက်တဲ့ ဌာနကလည်း မတူပါဘူး အဲဒါကြောင့် ဒီနှစ်ခုက မဆက်စပ်ပါဘူး။

" BPI စက်ရုံမှူးရဲ့အမှုရုံးချိန်းမှာ ဝန်ထမ်းတွေဝန်းရံခဲ့မှုနဲ့စပ်လျဉ်းပြီး ဒီဝန်ထမ်းတွေက သူတို့ရဲ့ စက်ရုံမှူးအပေါ်ထားရှိတဲ့ လေးစားမှု သံယောဇဉ်နဲ့ ဝန်းရံကြတယ်လို့ သိရပါတယ်။ တချို့လည်း ရုံးချိန်းအလုပ်ချိန်မျိုးဖြစ်နေတဲ့အခါကျရင် ထောက်ပြစရာတွေဖြစ်တယ်။ ထောက်ပြစရာဖြစ်နေတဲ့အတွက် ကျွန်တော်တို့က ဝန်းရံပါ၊ မဝန်းရံရဘူးလို့ တားဆီးတာ မရှိပါဘူး။

သို့သော် ဝန်ထမ်းအနေနဲ့ စည်းမျဉ်းစည်းကမ်းနဲ့အညီဖြစ်အောင် စက်မှုဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်က ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်။ အထူးသဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေကို ရှင်းပြတယ်လို့ သိရပါတယ်။ ဖိအားပေးတာ မရှိပါဘူး။

**ထိရောက်တဲ့ပြစ်ဒဏ်ပေးဖို့ တင်ပြလာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကနေ နိုင်ငံတော်သမ္မတဆီကို ပြီးခဲ့တဲ့ စက်တင်ဘာ ၆ ရက်က တင်ပြတာရှိပါတယ်။ ဒီတင်ပြချက်မှာ ဒေါက်တာအောင်ဇော်အပြင် ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ပျက်ကွက်ခဲ့တဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်ကို နိုင်ငံတော်သမ္မတရဲ့ စီမံခန့်ခွဲမှုနည်းလမ်းအရ ထိရောက်တဲ့ ပြစ်ဒဏ်ပေးဖို့ တင်ပြလာပါတယ်။ စစ်ဆေးချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေအရ ငြိစွန်းမှုမရှိဘူး။ ဒါပေမယ့် ကြီးကြပ်ကွပ်ကဲဖို့ တာဝန်ပျက်ကွက်တဲ့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိရမယ်ဆိုပြီး တင်ပြတာဖြစ်ပါတယ်။ တင်ပြတဲ့အတွက် နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုနည်းလမ်းနဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်ကို စက်တင်ဘာ ၁၂ ရက်က ရာထူးက ထုတ်ပယ်လိုက်ပါတယ်။

"နောက်တစ်ချက်က ဒေါက်တာအောင်ဇော်ပါ။ ဒေါက်တာအောင်ဇော်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ နဲ့ ငြိစွန်းတယ်။ ငြိစွန်းတဲ့အတွက် တရားစွဲဆိုထားပြီး တရားရုံးလုပ်ငန်းစဉ်မှာ ရောက်နေပြီ။ ဒီအမှု ငြိစွန်းခြင်း၊ မငြိစွန်းခြင်းက တရားစွဲအဖွဲ့အစည်းက တင်ပြမယ်၊ တင်ပြတဲ့အပေါ်မှာ တရားရုံးက ဆုံးဖြတ်လိမ့်မယ်။ ဒီအပေါ်မှာ လုပ်ဆောင်ချက်နဲ့ ပတ်သက်ပြီး တရားရုံးပေါ်မှာ ရောက်နေပြီဖြစ်တဲ့အတွက် အစိုးရအနေနဲ့ ပြောဖို့မရှိပါဘူး။

"နောက်တစ်ခုက ဒီအပေါ်မှာ ဆက်စပ်တဲ့ ဝန်ထမ်းတွေအပေါ်မှာ ကာကွယ်ပေးတယ်လို့ ဝေဖန်တာမျိုးရှိပါတယ်။ အစိုးရအနေနဲ့ ကာကွယ်ပေးတာမျိုး၊ မသိကျိုးကျွန်ပြုတာမျိုး လုံးဝမရှိဘူး၊ လုံးဝမလုပ်ဘူးဆိုတာ ပြောချင်ပါတယ်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်စစ်ဆေးချက်မူတည်**

အစိုးရအနေနဲ့ တရားဥပဒေစိုးမိုးရေးက အဓိကဖြစ်ပါတယ်။ ဒါကို အစိုးရအနေနဲ့ ခိုင်ခိုင်မာမာ ကိုင်စွဲထားတဲ့မူ ဖြစ်ပါတယ်။ အဲဒီတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနဲ့အညီ ကော်မရှင်ကို ဖွဲ့တယ်၊ ကော်မရှင်ကို mandate ပေးထားတယ်။ ကော်မရှင်က တိတိကျကျ လုပ်ဖို့လိုတယ်၊ တိတိကျကျလည်း လုပ်နေပြီ။ အပြစ်ပေး အရေးယူခြင်းကတော့ ငြိစွန်းခြင်း၊ မငြိစွန်းခြင်းအပေါ်မှာ မူတည်တယ်။ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်နဲ့ ပတ်သက်လို့ အသေးစိတ် မေးမြန်းတာက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် တာဝန်ရှိသူတွေကို မေးဖို့လိုပါတယ်။ ဥပမာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်လို့ ဘယ်လိုတွေရှိတယ် ကျွန်တော်တို့ မသိဘူး၊ ဝန်ကြီးတွေနဲ့ ပတ်သက်လို့ ဘယ်လိုတွေရှိလဲ ဆိုတာ မသိပါဘူး။ အကြမ်းအားဖြင့်တော့ သိတယ်။ ငြိစွန်းခြင်း၊ မငြိစွန်းခြင်းဆိုတာကတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရဲ့စစ်ဆေးချက်အပေါ်မှာပဲ မူတည်တယ်။ နိုင်ငံ့ဝန်ထမ်းကျတော့ ဖိပြီး အရေးယူတယ်၊ လွှတ်တော်ကိုယ်စားလှယ်ကျတော့ ခံဝန်ပဲ ထိုးခိုင်းတယ် ဆိုတာမျိုးတွေ ဝေဖန်တာမျိုးတွေက အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရဲ့ လုပ်ဆောင်ချက်နဲ့ တိုက်ရိုက်ပတ်သက်တဲ့အတွက် ကော်မရှင်ကိုပဲ မေးမြန်းပါ၊ ဖြေကြားပေးပါလိမ့်မယ်။

**နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒေါက်တာခိုင်စိုးလှနှင့် ဦးမင်းလွင်စိုးတို့ နှစ်ဦးကို အဂတိလိုက်စားမှုနှင့် တရားစွဲဆိုခဲ့မှု**နှင့် စပ်လျဉ်းပြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အမှုတည်ဆောက်တဲ့ တရားစွဲ အဖွဲ့အစည်း တင်ပြချက်တွေ၊ တရားရုံးမှာ စစ်မေးတော့ ဥပမာ ဟိုဘက်မှာ ကိစ္စတစ်ခုဖြစ်သွားတယ်။ မျက်မြင်သက်သေ မရှိဘူး။ ဒီဖြစ်တာတော့ သိနေတယ်။ သို့သော် တရားရုံးမှာ ဒီလူသည် ဒီဟာလုပ်ပါတယ်ဆိုတာ ထင်ရှားကြောင်း သက်သေပြနိုင်မှုရမယ်။ အဲဒီတော့ ကျွန်တော်တို့ အမှုတွေစွဲတယ်။ တချို့လည်း လွတ်သွားတယ်ဆိုတာက သံသယအကျိုးဆိုတာ အဲဒါကို ပြောတာ။ ဘယ်လိုပဲ အထောက်အထားတွေရှိပါစေ။ အဲဒီချိန်မှာတော့ တရားရုံးက အပြစ်ရှိကြောင်း၊ ကျူးလွန်ကြောင်း မစီရင်မချင်း သူ့ကို သံသယရှိသူလို့ပဲ ကျွန်တော်တို့က သုံးတယ်။ သံသယအကျိုးကို သူ့မှာလည်း ခံစားခွင့်ရှိတယ်။ အဲဒါက တရားစွဲအဖွဲ့အစည်းရဲ့ တင်ပြချက်တွေ တရားရုံးမှာ စစ်ကြောမေးမြန်းလျှောက်ထားချက်တွေအပေါ်မှာ မူတည်ပြီး တရားသူကြီးက ဆုံးဖြတ်တဲ့အတွက် တရားစီရင်ရေးနဲ့ပတ်သက်လို့ တစ်စုံတစ်ရာ ပြောလိုခြင်းမရှိဘူး။ ဒါက တရားစွဲအဖွဲ့အစည်းက တင်ပြချက်၊ တရားသူကြီးရဲ့ဆုံးဖြတ်ချက် ဒီအကြားမှာ တရားရုံးမှာ စစ်မေးချက်တွေ ဒီအပေါ်မှာပဲ မူတည်သွားလိမ့်မယ်။

**အထောက်အထားတွေနဲ့ အမှုကိုတည်ဆောက်**

"အဲဒါကတော့ တရားရုံးကို အမှုတင်တယ်ဆိုတာ တရားစွဲအဖွဲ့အစည်းတွေဖြစ်တဲ့ ရဲတပ်ဖွဲ့ဖြစ်စေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖြစ်စေ သက်ရှိ၊ သက်မဲ့ သက်သေခံ အထောက်အထားတွေနဲ့ အမှုကိုတည်ဆောက်ပြီး တင်ရပါတယ်။ ဒီလူက ဒါတွေ ဒါတွေ ကျူးလွန်တယ်၊ အဲဒီအထောက်အထားတွေက ဒီမှာဆိုပြီး တင်သွင်းရတယ်။ အဲဒီအပေါ်မှာ တရားသူကြီးနဲ့ တရားရုံးမှာ စစ်မေးချက်တွေ၊ ဖြေကြားချက်တွေရှိပါတယ်။ နောက်ပြီး နှစ်ဖက်သော ရှေ့နေတွေရဲ့လျှောက်လွှဲချက်တွေရှိတယ်။ ဒါတွေကို စုစည်းပြီးမှ ချိန်ဆသုံးသပ်ပြီးတော့ ဆင်ခြင်တုံနဲ့ တရားသူကြီးက ဆုံးဖြတ်ပါတယ်။ ဒါကတော့ တရားရုံးမှာ သူ့ရဲ့ process အရ တရားသူကြီးရဲ့ ဆင်ခြင်တုံနဲ့ ဆုံးဖြတ်တယ်လို့ မြင်ပါတယ်။

"ဦးမင်းလွင်စိုးကိစ္စနဲ့ ပတ်သက်လို့ နေပြည်တော်စည်ပင်မှာ ဌာနမှူးအဖြစ် ပြန်ပြီးခန့်ထားပါတယ်။ သူက အချုပ်ထဲမှာ နှစ်နှစ်လောက်နေရတယ်။ နှစ်နှစ်လောက်နေရတော့ သူ့ကို ရာထူးကနေပြီးတော့ ယာယီရပ်ဆိုင်းထားတယ်။ ရပ်ဆိုင်းထားပေမယ့် ဥပဒေ၊ နည်းဥပဒေအရဆိုရင် ပထမတစ်နှစ်က လစာအပြည့်ရတယ်။ ဒုတိယတစ်နှစ်ကတော့ အပြည့်မရဘူး။ အခု သူ့ကို တရားသေလွှတ်လိုက်တဲ့အတွက် ဒီကြားမှာ အပြည့်မရတာတွေ တောင်းခံပြီး ပြန်ယူလို့ရပြီ။ သူ့ရဲ့ နစ်နာခဲ့တဲ့ လစာကိစ္စပေါ့။ တရားသေလွှတ်တဲ့အချိန်မှာ သူ့ရဲ့နစ်နာမှုကို ကျွန်တော်တို့ စာနာနားလည်ပါတယ်။ ကျွန်တော်တို့လည်း ဝန်ထမ်းတွေပါ။

*စာမျက်နှာ ၁၄ သို့*

**NCA လက်မှတ်မထိုးသေးတဲ့ အဖွဲ့ ၇ ဖွဲ့လုံး NCA ထိုးရိုင်အောက်ကို ရောက်လာပြီးတဲ့အချိန် ဥပမာ တပ်မတော်က ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ အဆင်ပြေအောင် တစ်ဖက်သတ် အပစ်ခတ်ရပ်စဲဖို့ ကြေညာထားတဲ့ကာလက လာမယ့် ၂၁ ရက်နေ့ဆို ပြည့်ပါပြီ။ နောက်ထပ်လည်း ဒီလို ဆွေးနွေးမှုတွေအပေါ်မူတည်ပြီး တပ်မတော်ကလည်း အပစ်ခတ်ရပ်စဲတဲ့ကာလကို ထပ်တိုးပေးခဲ့တဲ့ သဘောရှိပါတယ်။ ၁၇ ရက်နေ့ တွေ့မှာဖြစ်ပါတယ်။ ၁၇ ရက်နေ့ တွေ့ပြီးရင် တွေ့ဆုံမှုရလဒ်ပေါ် မူတည်ပြီး တပ်မတော်ရဲ့အပစ်ရပ်ကြေညာချက် ထပ်ပြီး သက်တမ်းတိုးသွားမှာပါ။ ဒီကာလတွေ ပြီးတဲ့ အချိန်မှာ ၇ ဖွဲ့လုံးနဲ့ NCA ရေးထိုးဖို့အခြေအနေက ဆက်လက်ကြည့်ရမယ့် အလားအလာတစ်ခုဖြစ်**

*စာမျက်နှာ ၁၃ မှ*

နံပါတ်တစ်ကတော့ နာမည်၊ နံပါတ်နှစ်ကတော့ ဂုဏ်သိက္ခာ၊ နံပါတ်သုံးကတော့ အချုပ်ထဲမှာနေရတဲ့ သူ့ရဲ့ မိသားစု၊ လူမှုဆက်ဆံရေးပတ်ဝန်းကျင်က သူ့အပေါ်မှာ မြင်တဲ့အမြင်တွေ ကျွန်တော်တို့ Social Media မှာလည်း လွန်လွန်ကျူးကျူး ရေးတာတွေရှိတယ်။ ဒါတွေက နစ်နာမှုတွေ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ဆွေးနွေးပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ဒီလိုနစ်နာမှုအတွက် ဆောင်ရွက်ပေးဖို့ရှိသလား မေးမြန်းတဲ့အခါမှာ ဝန်ထမ်းအခွင့်အရေးနဲ့ ပတ်သက်လို့ သူတို့မှာ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်မယ်။ နံပါတ်နှစ်က လျော်ကြေးပေးမယ်။ နံပါတ်သုံးက ဝန်ထမ်းတွေ ရွေးချယ်ပေးမယ်။ ဒီသုံးချက်ပဲရှိတော့ ဒီဟာက သူ့မှာမရှိဘူး။

မရှိတော့ ရာဇသတ်ကြီးဥပဒေရဲ့ တရားမအကြောင်းအရ ဆိုရင် ကာယကံရှင်က သူ့ရဲ့နစ်နာမှုအတွက် တိုင်ကြားတဲ့ လူကို ပြန်ပြီးတရားစွဲ အမှုဖွင့်လို့ရပါတယ်။ အဲဒါကတော့ တရားမကြောင်းနဲ့သွားရမယ်။ နောက်တစ်ချက်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ တိုင်ကြားတဲ့သူတွေက နစ်နာစေလိုတဲ့၊ ဂုဏ်သိက္ခာပျက်ယွင်းစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တိုင်ကြားတယ်ဆိုရင် ဘယ်လိုလုပ်မလဲ။ အခုလို တရားရုံးမှာ စစ်လို့မပေါ်ပေါက်ဘူး၊ ဒီလူက ဒါနဲ့ ကျူးလွန်ကြောင်း မထင်ရှားဘူး။ အရေးယူလို့မရဘူးဆိုရင် ဒီကာယကံရှင်ရဲ့ နစ်နာရတဲ့ အနေအထားအတွက် ဘာလုပ်ပေးလို့ရမလဲဆိုတာကို လေ့လာပါတယ်။ ပထမတစ်နည်းက ကာယကံရှင်ကိုယ်တိုင် တိုင်ကြားတဲ့လူကို တရားပြန်စွဲ၊ နောက်ဒုတိယအချက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၄၄ အရ **သတင်းပေးပို့ချက် (သို့မဟုတ်) တိုင်တန်းချက်ပေးပို့သူသည် ခိုင်လုံသော အကြောင်းမရှိဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် (သို့မဟုတ်) ဂုဏ်သရေပျက်စေရန် ရည်ရွယ်၍ သတင်းပေးပို့ချက်ကိုဖြစ်စေ၊ တိုင်တန်းချက်ကိုဖြစ်စေ တမင်ပြုလုပ်ကြောင်း ပေါ်ပေါက်ပါက ဤဥပဒေအရ အရေးယူခြင်းခံရမည်လို့** ဖော်ပြထားတာတွေ့တယ်။ ကာယကံရှင်ကနေပြီး တရားစွဲတဲ့နည်းနဲ့ ကိုယ်တိုင်စွဲရင်စွဲ၊ မစွဲရင် ဒီပုဒ်မအရဆိုရင် အဂတိကော်မရှင်ကို သူ့မှာ ဒါတွေနစ်နာသွားတယ်၊ နစ်နာသွားတဲ့အတွက် ကော်မရှင်ကိုပြန်တင်ပြ၊ ကော်မရှင်က အဲဒီအပေါ်မှာ ဥပဒေနဲ့အညီပြန်ပြီး လီဆယ်တိုင်ကြားတယ်လို့ ယူဆရင် အရေးယူပေါ့။ ကော်မရှင်ရဲ့ အခွင့်အရေးရှိတယ်။ ဒီနှစ်ခုနဲ့ သူပြန်လုပ်ရမယ်။

**EAO ဘက်သို့ အစိုးရဘက်မှ Timeline အဆိုပြုထားမှု၊ ဒေသဖွံ့ဖြိုးရေးကိစ္စများကို လက်မခံသည့် တချို့EAO များ ရှိသည်ဆိုသည် ကိစ္စ**နှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "နံပါတ်တစ်မေးခွန်းက EAO တွေနဲ့ Timeline ကို ကျွန်တော်တို့က အဆိုပြုထားပါတယ်။ သူတို့ထဲမှာ ပြန်ဆွေးနွေးပြီး ကျွန်တော်တို့နဲ့ ပြန်ညှိမှာဖြစ်တဲ့အတွက် ဒါက Official မပြောသင့်ပါဘူး။ ပြောလည်းပြောမှာ မဟုတ်ဘူး။ ဒုတိယမေးခွန်းက ဖွံ့ဖြိုးရေးနဲ့ပတ်သက်လို့ တချို့အဖွဲ့အစည်းက NCA အခန်း ၆ ကို သွားချင်ပါတယ်။ ကြားကာလဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာပူးတွဲကော်မတီကို JICM အစည်းအဝေးမှာ တင်ထားပြီးပြီ။ အဲဒီ JICM အစည်းအဝေးကနေ အစိုးရနဲ့ EAO တွေကြားမှာ ဆွေးနွေးကြဖို့ လုပ်ငန်းအဖွဲ့ဖွဲ့ဖို့ ဆုံးဖြတ်ချက်ချထားတယ်။ ဒါပေမယ့် လက်တွေ့မဖွဲ့နိုင်ဘူး။ NCA အပိုဒ် ၂၅ ကို ပြန်ကြည့်ရင် အပစ်ရပ်နယ်မြေအတွင်း ဆိုတာပါတယ်။ ဘယ်နယ်မြေမှာ Project တွေလုပ်မယ်။ ကျန်းမာရေး Project၊ ပညာရေး Project တွေကို ဘယ်နယ်မြေက ဘယ်သူ့ရဲ့နယ်မြေ၊ အပစ်ရပ်နေရာက ဘယ်နေရာဆိုတဲ့ဟာ သတ်မှတ်ရမယ်။ အဲဒီသတ်မှတ်ချက်က JMC မှာ သတ်မှတ်ဖို့လည်း ဆုံးဖြတ်ထားတယ်။

"ဒါပေမယ့် အခုအချိန်အထိ သတ်မှတ်လို့မရဘူး။ NCA မှာပါတဲ့ ပြဋ္ဌာန်းချက်တွေအရ ဒီသတ်မှတ်ချက်တွေ ပြီးပြည့်စုံမှ လုပ်ငန်းတွေလုပ်မယ်ဆိုရင် တော်တော်ကြာမယ်။ အဲဒါကြောင့် ကျွန်တော်တို့က အဆိုပြုတာဖြစ်တယ်။ EAO တွေက ဒါတွေကို အကျေအလည်ဆွေးနွေးပြီး သဘောတူညီချက်ရပြီးမှ လုပ်ချင်တဲ့သဘောရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ အဆိုပြုလိုက်တဲ့အတွက် EAO အများစုအားလုံးနီးပါးက လက်ခံတဲ့အတွက် ကျွန်တော်တို့ လုပ်နေတယ်"ဟု ရှင်းလင်းပြောကြားသည်။

**တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ တာဝန်ယူ တာဝန်ခံရမယ်**

အလားတူ ဗစ်တိုးရီးယားအမှုနှင့်ပတ်သက်ပြီး စစ်ဆေးဆောင်ရွက်နေမှု၊ နိုင်ငံတော်အကြီးအကဲများ၏ သဘောထားအပေါ် သိရှိလိုသည့် မေးခွန်းအပေါ် "ကျွန်တော်တို့ အခုသတင်းစာရှင်းလင်းပွဲ မတိုင်ခင်မှာ သမ္မတကြီးနဲ့လည်း တွေ့ဆုံပါတယ်။ ဗစ်တိုးရီးယားကိစ္စက တောက်လျှောက် စောင့်ကြည့်နေတဲ့ကိစ္စဖြစ်ပါတယ်။ အရင်က သတင်းစာရှင်းလင်းပွဲမှာလည်း ကျွန်တော်ပြောပြီးပါပြီ။ နံပါတ်တစ်က တရားဥပဒေစိုးမိုးရေးကိစ္စဖြစ်တယ်။ နံပါတ်နှစ်က အမှုမှန်ဖော်ထုတ်ရေး ဦးစားပေးဆောင်ရွက်ဖို့ နိုင်ငံတော်သမ္မတရုံးက ညွှန်ကြားထားပြီးဖြစ်တယ်။ နံပါတ်သုံးက ဒီကိစ္စနဲ့ပတ်သက်လို့ အလွဲအချော်တွေရှိခဲ့တယ်ဆိုရင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ တာဝန်ယူ တာဝန်ခံရမယ်။ ဒီသုံးချက်အတိုင်းပဲ တောက်လျှောက် ကျွန်တော်တို့ စောင့်ကြည့်နေပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**ဗဟိုဘဏ်ရဲ့စည်းမျဉ်းစည်းကမ်းနဲ့အညီ ထိန်းကျောင်း**

ထို့အတူ ဘဏ်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူအများ စိုးရိမ်မှုမြင့်တက်နေမှုအပေါ် နိုင်ငံတော်သမ္မတရုံးအနေဖြင့် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း မေးခွန်းအပေါ် "ဒီကောလာဟလနဲ့ ပတ်သက်ပြီး လူတွေရဲ့ စိုးရိမ်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ရှင်းလင်းချက်နဲ့ ပတ်သက်လို့ ဗဟိုဘဏ်ကလည်း Statement ထုတ်ပြန်ထားပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ ၆ ရက်နေ့မှာ အစိုးရက တာဝန်ရှိတဲ့သူတွေ၊ ဗဟိုဘဏ်က တာဝန်ရှိသူတွေ၊ ပြည်ထောင်စုဝန်ကြီးတချို့နဲ့ ပုဂ္ဂလိကဘဏ်ဥက္ကဋ္ဌတချို့နဲ့ တွေ့ဆုံခဲ့ကြပါတယ်။ တွေ့တဲ့အချိန်မှာ ပုဂ္ဂလိကဘဏ်တွေ လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေနဲ့ပတ်သက်လို့ အစိုးရက ဘာလုပ်ပေးရမလဲ၊ ဗဟိုဘဏ်က ဘာလုပ်ပေးရမလဲဆိုတာ ညှိနှိုင်းခဲ့ပါတယ်။ အဲဒီညှိနှိုင်းမှုတွေအရ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ စည်းမျဉ်းစည်းကမ်း၊ ဥပဒေတွေနဲ့အညီ ထိန်းကျောင်းတဲ့အပိုင်းနဲ့ အစိုးရက အုပ်ချုပ်မှုနည်းလမ်းနဲ့ ထိန်းကျောင်းတဲ့ အပိုင်းဆိုပြီး နှစ်ပိုင်းနဲ့ လုပ်ဆောင်နေပါတယ်။

"အခု မြန်မာနိုင်ငံတစ်နိုင်ငံလုံးက ဘဏ်တစ်ဘဏ်ချင်းစီရဲ့ ငွေဘယ်လောက်ထုတ်တယ်၊ ငွေဘယ်လောက်သွင်းတယ်၊ ငွေသွင်းငွေထုတ် စုစုပေါင်းစာရင်းချုပ်ကို ဗဟိုဘဏ်က နိုင်ငံတော်သမ္မတရုံးကို နေ့စဉ်တင်ပြပါတယ်။ အခုလောလောဆယ်မှာတော့ ငွေအထုတ်အသွင်းမှာ အရမ်းကွာဟတာ မရှိပါဘူး။ ထုတ်တာများပြီဆိုရင် ဒီထုတ်တဲ့ ပိုက်ဆံတွေ ဘယ်ရောက်သွားလဲဆိုတာကို အုပ်ချုပ်မှုနည်းလမ်းနဲ့ ဆောင်ရွက်ရတဲ့အပိုင်းတွေရှိပါတယ်။ ဒီလ ၉ ရက်နေ့ကစပြီး ဒေါ်လာဈေး ပြန်တည်ငြိမ်သွားလို့ ရွှေဈေးလည်း ပြန်ကျသွားပါတယ်။

"ရွှေနယ်ပယ်နဲ့ပတ်သက်လို့ ပြည်ထဲရေးက အစီရင်ခံစာတွေ တင်ပါတယ်။ ဒီလို ကောလာဟလတွေ ပေါ်လာတဲ့အခါမှာ လူတွေက ရွှေ၊ ဒေါ်လာ၊ အိမ်ခြံမြေနဲ့ စတော့ရှယ်ယာတွေကို စုဆောင်းလေ့ရှိပါတယ်။ အဓိက ကတော့ ဒေါ်လာ Exchange Rate က ငြိမ်နေဖို့ပါ။ ဒေါ်လာ Exchange Rate ငြိမ်နေမှ စီးပွားရေးလုပ်တဲ့လူတွေက မှန်းလို့ရမှာ ဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ဘဏ်တွေနဲ့ ပတ်သက်လို့ ထွက်ပေါ်နေတဲ့ ကောလာဟလတွေကို စိုးရိမ်ဖို့မလိုပါဘူး။ နိုင်ငံတော်သမ္မတရုံးအနေနဲ့ ဘဏ်တွေရဲ့ ငွေသွင်းငွေထုတ်မှုတွေကို စောင့်ကြည့်နေပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

**ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ကျွန်တော်တို့ ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနဲ့ပတ်သက်ပြီး ထုတ်ပြန်ချက်တွေကို ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အဲဒီမှာလည်း ရှင်းလင်းချက်တွေ ပေးထားပါတယ်။ အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ ရှင်းလင်းပြောကြားထားတာရှိပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ သဘောတူညီချက်အရ လုပ်ဖို့လိုပါတယ်။ အဲဒီမှာ မိမိသဘောဆန္ဒအရ ပြန်လာချင်သူတွေ ဖြစ်ရမယ်။ ဆိုလိုတာက အခုဘာကြောင့်မဝင်လဲဆိုတော့ အဲဒီမှာ သတင်းတွေတက်နေတယ်။ အဲဒီမှာ NGO တွေရဲ့ စွက်ဖက်မှုတွေ ရှိနေပါတယ်။ မပြန်နဲ့လို့ ပြောတာတွေရှိတယ်။ နောက်တစ်ခုက ARSA ရဲ့ ခြိမ်းခြောက်မှုတွေရှိတယ်။ နောက်တစ်ချက်က သဘောတူညီချက်အတိုင်းမလုပ်ဘဲ၊ Camp မှာ ရှိတဲ့သူတွေက သူတို့ကို ဆန္ဒသဘောထား ကောက်ခံခဲ့တာတွေက အချိန်ကပ်ပြီး လုပ်ခဲ့တာတွေရှိတယ်။ ကျွန်တော်တို့ တရားဝင်သတင်းထုတ်ပြန်ချက်တွေ ထုတ်ပြန်ထားတာရှိပါတယ်။ အဲဒါတွေကို ပြန်ကြည့်ဖို့လိုပါတယ်။

**ကိုယ့်နိုင်ငံ အကျိုးစီးပွားတွေကို ဦးတည်ပြီး လုပ်ရမှာဖြစ်**

**City of London မှ ဆုတံဆိပ်များ ပြန်လည်ရုပ်သိမ်းမှု**နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ဒါက စာပါအကြောင်းအရာဖြစ်ပါတယ်။ ဆုတံဆိပ်တွေကတော့ ထုံးစံအတိုင်း၊ သိတဲ့အတိုင်းပေါ့ ရုပ်သိမ်းတာတွေ လုပ်လာတယ်။ ကမ္ဘာမှာလည်း အဲဒီလို အမြင်တွေရှိလာတယ်။ ဒါပေမယ့် ကျွန်တော်တို့သွားနေတာက ဘာလဲဆိုတော့ အမှန်ကို အမှန်တိုင်းပဲ သွားဖို့၊ အမှန်ကို အမှန်တိုင်းလုပ်ဖြစ်ပါတယ်။ တစ်ချိန်ကျရင် အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရပါဘူးဆိုတဲ့ ပုံစံမျိုးသွားပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်တာ ကာလအတွင်းမှာ တော်တော်လေးလည်း ပြင်းပြင်းထန်ထန်ဖြစ်ပါတယ်။ သို့သော် ဟိုတစ်နေ့ကပဲ ARSA က ခေါ်သွားတဲ့ ဟိန္ဒူမိသားစုတွေကို ဘယ်လိုမျိုး ပြုမူဆက်ဆံတယ်ဆိုတာကို အာဆီယံနဲ့ အိမ်နီးချင်းသံအမတ်တွေကိုယ်တိုင် တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ နောက်ဟိုဘက်နေပြီးတော့ မိမိအစီအစဉ်၊ မိမိသဘောဆန္ဒနဲ့ ကိုယ့်ဘာသာကို ပြန်လာတဲ့ မွတ်စလင်မိသားစုတွေရှိတယ်။ အဲဒီသူတွေနဲ့လည်း ပေးတွေ့တယ်။ အရင်က ကျွန်တော်တို့ မြန်မာနိုင်ငံက မည်သို့ပင် ပြောကြားစေကာမူ အုံနဲ့ကျင်းနဲ့ သတင်းလှိုင်းကြီးတွေကို ထိပ်တိုက်ရင်ဆိုင်ဖို့ တော်တော်လည်း ခက်ပါတယ်။ ဒါပေမယ့် အချိန်ကြာလာတာနဲ့အမျှ အခြေအနေတွေ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ Camp တွေရဲ့ အနေအထား သတင်းတွေ မကြာမကြာတက်ပါတယ်။ အဲဒီမှာရှိတဲ့ NGO တွေရဲ့ စွက်ဖက်မှုတွေလည်း တက်လာတယ်။ အဲဒီ Camp တွေမှာ ဘယ်လိုမျိုးခြိမ်းခြောက်မှုတွေ ဖြစ်နေတယ်ဆိုတဲ့ သတင်းတွေ တက်လာပါတယ်။ ကျွန်တော်တို့က ညာလို့ မရပါဘူး။ အရင်တုန်းက ပြောတာပေါ့၊ အမှန်တရားက ဖိနပ်စီးနေတုန်းအချိန်မှာ မုသားက ကမ္ဘာတစ်ပတ် ပတ်ပြီးသွားပြီဆိုတဲ့ပုံစံနဲ့ ပြောတာပေါ့။ ကမ္ဘာပတ်ပြီးသွားတဲ့အချိန်မှာ ဒီအမှန်တရားက တဖြည်းဖြည်းချင်း တာထွက်သွားနိုင်တဲ့ အနေအထားရှိပါတယ်။ တဖြည်းဖြည်းနဲ့ ကမ္ဘာကလည်း နားလည်လာပါလိမ့်မယ်။ အဲဒီဆုတံဆိပ် ရုပ်သိမ်းတဲ့အဖွဲ့တွေလည်း အများကြီးရှိပါတယ်။ အကြောင်းကြောင်းသော နောက်ခံအကြောင်းတွေရှိသလို၊ အကြောင်းကြောင်းသော ဖိအားတွေရှိတယ်။ ဒီပေါ်မှာတော့ ကျွန်တော်တို့က နားလည်ပေးပါတယ်။ ဒါတွေက ကိုယ်က တောင်းခဲ့တာမဟုတ်ဘူး၊ ရုပ်တာမရုပ်တာကတော့ သူတို့အပိုင်းပေါ့။ ကျွန်တော်တို့ လုပ်နေတာက ကိုယ့်နိုင်ငံအတွက်၊ တိုင်းရင်းသားပြည်သူတွေအတွက် ဒီအကျိုးစီးပွားတွေကို ဦးတည်ပြီး လုပ်ရမှာဖြစ်ပါတယ်။

**ရခိုင်ပြည်နယ် တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး** ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ခေါင်းဖြတ်တဲ့လုပ်ရပ်က တကယ်တော့ လူမဆန်တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့က ဒါကို မင်းမဲ့စရိုက်လို့ မပြောဘူး၊ ဒါက တကယ့်အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ လူမဆန်စွာ၊ ရက်စက်စွာ လုပ်တဲ့ အကြမ်းဖက်လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ဒီဟာနဲ့ ပတ်သက်လို့ ရခိုင်ပြည်နယ်မှာ ARSA ပေါ်လာတယ်။ ပြီးရင် AA ပေါ်လာတယ်။ တိုက်ပွဲတွေကလည်း မကြာခဏဖြစ်တယ်။ ရခိုင်မှာ အခုဖြစ်စဉ်ကို ကြည့်လိုက်ရင် အပြစ်မဲ့ အရပ်သားပြည်သူတွေ သေကျေတာများတာက ဖုံးတို့၊ မိုင်းခွဲတာပေါ့။ မိုင်းခွဲတဲ့ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးတာများပါတယ်။ အဓိကတိုက်ပွဲတွေဖြစ်လာရင် တရားဥပဒေစိုးမိုးမှု၊ လုံခြုံမှု၊ တည်ငြိမ်မှု အားနည်းသွားပြီ။ ဒီဟာပေါ်မှာ ကျွန်တော်တို့ ပြန်ပြီး ကိုင်တွယ်တဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်တွေ ပြောတယ်ဆိုရင် အဲဒီလွှတ်တော်ကိုယ်စားလှယ်ကို တိုက်တွန်းချင်တယ် ပူးပေါင်းဆောင်ရွက်ပါ။ စိတ်ရင်းစေတနာမှန်နဲ့ ရခိုင်ပြည်နယ်တည်ငြိမ်ရေး၊ အေးချမ်းရေးကို ရခိုင်လူထုဖြစ်စေ၊ ပြည်ထောင်စုမှာရှိတဲ့ ရခိုင်အမတ်တွေဖြစ်စေ အများကြီး ပူးပေါင်းဆောင်ရွက်လို့ရပါတယ်။ လူထုပါဝင်မှု အများကြီးလုပ်လို့ ရပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ ဘယ်နိုင်ငံမှာမဆို လူထုပါဝင်မှုရတာ။ ဒီဟာတွေကို ကျွန်တော်တို့ ကြိုးစားပြီးလုပ်နေတယ်။ လတ်တလောဖြစ်နေတဲ့ပြဿနာက တိုက်ပွဲတွေကတော့ ဖြစ်နေတယ်။ တစ်ဖက်မှာ တင်ပြခဲ့သလို AA နဲ့ ပတ်သက်လို့ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်နေတယ်။ အထူးသဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအနေအထားတစ်ခုကိုရောက်ဖို့ ကျွန်တော်တို့ ဦးစားပေးပြီး ကြိုးပမ်းနေတယ်။ ပြီးရင် NCA နဲ့ ငြိမ်းချမ်းရေး လမ်းကြောင်းအရ နိုင်ငံရေးဆွေးနွေးပွဲစကားဝိုင်းတွေ ရောက်အောင် ကြိုးပမ်းနေတယ်။ ဒါတွေကပဲ ဖြေရှင်းလို့ရမယ်။ ဟိုဘက်ဒီဘက် အခုချိန်မှာ ပြောနေတာထက် ဥပမာ လွှတ်တော်အမတ်တွေက အစိုးရကို အပြစ်တင်ဝေဖန်နေတာတွေရှိပါတယ်။ ကျွန်တော်တို့ ပြောချင်တာက ဒါက ရခိုင်ပြည်နယ် ဖြစ်တယ်။ ပြည်ထောင်စုရဲ့ နယ်မြေအစိတ်အပိုင်းတစ်ရပ်ဖြစ်တယ်။ ဒီအတွက် ပြည်ထောင်စုရဲ့ ဖြစ်စဉ်လို့ပဲ ကျွန်တော်တို့က ခံယူတယ်။ ကျွန်တော်တို့ဆို မကြာခဏ ရခိုင်လူမှုအသိုက်အဝန်းနဲ့ တွေ့ပါတယ်။ တွေ့တဲ့အချိန်တိုင်းမှာလည်း ကြိမ်ဖန်များစွာရှင်းပြတယ်။ သူတို့ဘက်ကလည်း အခုလောလောဆယ် လတ်တလော ဒုက္ခကြုံတွေ့နေတဲ့ ဒုက္ခသည် ၆၀၀၀၀ ကျော်ရှိတယ်။ အဲဒါတွေက IDP Camp နေတဲ့ ရခိုင်တိုင်းရင်းသားကို ပြောတာပါ။ IDP Camp ကို မရောက်တဲ့ ကမန်၊ မြိုတိုင်းရင်းသားတွေလည်း ဒုက္ခရောက်နေတယ်။ ဒါကြောင့် IDP Camp သာ မဟုတ်ဘူး၊ Camp မှာ မရှိတဲ့ ဒုက္ခသည်တွေကို ကူညီပေးပါလို့ ပြောလာတယ်။ ရခိုင်ပြည်နယ်က ရခိုင်တိုင်းရင်းသားတွေချည်းပဲ နေထိုင်တာ မဟုတ်ဘူး၊ ကျန်တဲ့ ကမန်၊ မြိုတိုင်းရင်းသားတွေလည်း ရှိတယ်။ ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေးတစ်ခုဖြစ်နေတဲ့ အနေအထားမှာ လတ်တလောတိုက်ပွဲတွေ မဖြစ်ပွားဖို့ ဦးစားပေးလုပ်နေတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်သွားရင် IDP ကိစ္စတွေကို ပိုပြီးဖြေရှင်းကိုင်တွယ်နိုင်မယ်။ ပြီးရင် မူလနေရာ ပြန်လည်ရောက်ရှိရေး၊ ရခိုင်ဒေသရေရှည်ဖွံ့ဖြိုးရေး၊ ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်အောင် သွားနေတာဖြစ်ပါတယ်။ အထူးသဖြင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခမှာ ဟိုးအရင်တုန်းက ဖြစ်ခဲ့ဖူးတယ်၊ သို့သော် နှစ်ပေါင်းများစွာ ဒီဒဏ်တွေကို မခံရဘူး။ ဥပမာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် စသဖြင့် ဒီဒေသတွေမှာ ဒါတွေကို တော်တော်လေးကြုံခဲ့ပြီးပြီ၊ အဲဒါကြောင့် သူတို့ရဲ့ခေါင်းဆောင်တွေကိုယ်တိုင်က ပြည်သူလူထု မနစ်နာရအောင် ကြိုးပမ်းဆောင်ရွက်နေတဲ့ အနေအထားတွေရှိတယ်။ အဲဒီအတိုင်းပဲ ရခိုင်ပြည်နယ်က သွားဖို့လိုပါတယ်။ ။

# ဗြိတိန် လွှတ်တော်ကို သီတင်းပတ် ငါးပတ်ကြာဆိုင်းငံ့

**လန်ဒန် စက်တင်ဘာ ၁၃**

လွှတ်တော်ကို ဆိုင်းငံ့ထားခြင်းသည် တရားဝင်မှုမရှိကြောင်း တရားသူကြီး သုံးဦးပါဝင်သည့် စကော့တလန်တရားရုံးက ဆုံးဖြတ်လိုက်သော်လည်း ဗြိတိန်ပါလီမန်ကို အောက်တိုဘာ ၁၄ ရက်အထိ သီတင်းပတ် ငါးပတ်ကြာ ဆိုင်းငံ့ထားရန် အကြောင်းပြချက်ပေးရာတွင် အဲလိဇဘက်ဘုရင်မကြီးကို လိမ်လည်ပြောဆိုခြင်းမရှိခဲ့ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောကြားလိုက်သည်။

လွှတ်တော်လုပ်ငန်းများ လုပ်ဆောင်ရန် ဆိုင်းငံ့ထားသည့် ဆုံးဖြတ်ချက်အပေါ် ဆန့်ကျင်သူများက အောက်တိုဘာ ၃၁ ရက်အထိ နောက်ဆုံးထားကာ ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ဖို့ သဘောတူညီချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထွက်ခွာရန် ဂျွန်ဆင်၏ စီစဉ်မှုများကို လွှတ်တော်အမတ်များ ကန့်ကွက်ကြမည့်အရေးအား ဟန့်တားရန်အတွက် ယခုလို ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြစ်တင်ပြောကြားလိုက်သည်။

စကော့တလန်၏ အမြင့်ဆုံးအယူခံရုံးက ဝန်ကြီးချုပ်၏ ကြေညာချက်သည် တရားဝင်မှုမရှိကြောင်း ဆုံးဖြတ်လိုက်သည့်အတွက် လွှတ်တော်လုပ်ငန်းများဆိုင်းငံ့ရန် ဘုရင်မကြီးကို အကြောင်းပြသည့်နေရာတွင် လိမ်လည်ပြောဆိုခဲ့သည်ဆိုသည့် စွပ်စွဲချက်လည်း ထွက်ပေါ်လာခဲ့သည်။

လွန်ခဲ့သည့် သီတင်းပတ်အတွင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ၎င်းပါတီတွင်းမှ သဘောထားမတိုက်ဆိုင်သည့် အမတ် ၂၀ ခန့်ကို ထုတ်ပယ်လိုက်ကြောင်း သတင်းရရှိသည်။

ပါတီကထုတ်ပယ်ခံရသည့် ရှေ့နေချုပ်ဟောင်းတစ်ဦးဖြစ်သော ဒိုမီနစ်ဂရိဗ်က ဝန်ကြီးချုပ်သည် ဘုရင်မကြီးအား လှည့်ဖြားပြောဆိုသည့်အတွက် ရာထူးမှ ထုတ်ပယ်နိုင်သည်အထိ ကြီးလေးသည့် ပြစ်ဒဏ်ကိုခံစားရနိုင်ကြောင်း ဝေဖန်ပြောဆိုခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ၎င်းအပေါ် စွဲချက်တင်ထားသော စွပ်စွဲချက်များသည် မှန်ကန်မှုမရှိကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။ **အေအက်ဖ်ပီ**



ဗြိတိန်လွှတ်တော်ရှေ့တွင် စိုက်ထူထားသည့် ဆန္ဒပြအလံများကိုတွေ့ရစဉ်။

# တရုတ်နှင့်ကုန်သွယ်ရေးဆွေးနွေးပွဲတွင် အဓိပ္ပာယ်ရှိသည့်တိုးတက်မှုများ အမေရိကန်အလိုရှိ

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်မှ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းသူများသည် မကြာမီပြုလုပ်မည့် တရုတ်နှင့်ကုန်သွယ်ရေးဆွေးနွေးပွဲတွင် အဓိပ္ပာယ်ရှိသည့် တိုးတက်မှုများရရှိလိုသည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင် မန်နျူချင်က စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နှင့် တရုတ်နှစ်ဖက်စလုံးတွင် ပြေလည်လိုသည့် အခြေအနေများ တွေ့ရှိပြီးနောက် ကုန်သွယ်ရေးပဋိပက္ခအတွက် အဖြေရှာနိုင်လိမ့်မည်ဟု မျှော်လင့်မှုများ တိုးပွားလာခဲ့သည်။ ကုန်သွယ်ရေးပဋိပက္ခကိုဖြေရှင်းရန် အခွင့်အလမ်းများအတွက် ယုံကြည်မှုရှိကြောင်းကိုလည်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။ ကြားဖြတ်သဘောတူညီမှုနှင့်ပတ်သက်ပြီး ဖြစ်နိုင်ချေရှိသည့် အလားအလာများအတွက် အမေရိကန်သမ္မတထရမ့်က အရိပ်အမြွက်ပေးခဲ့ပြီးနောက် စတီဗင် မန်နျူချင်က ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။



အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မန်နျူချင်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှ လက်ထောက်အဆင့် အရာရှိကြီးများသည် ပထမဦးစွာ ဆွေးနွေးမှုပြုကြမည်ဖြစ်သည်။ နောက်ပိုင်းတွင် အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးရာ၌ တိုးတက်မှုများဖြစ်လာစေရန် ၎င်းတို့က ဦးစွာတွေ့ဆုံကြမည်ဖြစ်သည်။ ခရီးထွက်ရုံသက်သက်မျှမဟုတ်ဘဲ ဆွေးနွေးမှုများ တန်းစီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လေးနက်မှုရှိသည့်တိုးတက်မှုများရရှိရန် မျှော်လင့်ကြောင်း မန်နျူချင်ကပြောကြားခဲ့သည်။

သို့သော်လည်း သမ္မတ ထရမ့်သည် ကောင်းမွန်သည့် ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်ကိုသာ လက်ခံမည်ဖြစ်ကြောင်း၊ လိုအပ်ပါက အခွန်စည်းကြပ်မှုများကိုလည်း တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကထပ်မံသတိပေးခဲ့သည်။

ထရမ့်ကမူ ၎င်းသည် ပြီးပြည့်စုံသည့် ကုန်သွယ်ရေးသဘောတူညီချက်စာချုပ်ကိုသာ အလိုရှိကြောင်း၊ သို့သော်လည်း ကြားဖြတ်သဘောတူစာချုပ်ကိုလည်း လက်ခံရန် စဉ်းစားသွားမည်ဟု သတင်းထောက်များကို ပြောကြားခဲ့သည်။

သေးငယ်သည့်အရာ ဦးစွာစတင်ရလိမ့်မည်ဟုလည်း ထရမ့်က ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# အီရန်ခေါင်းဆောင်က မိမိနှင့်တွေ့ဆုံလိုသည်ဟု အမေရိကန်သမ္မတ ထရမ့်ယုံကြည်

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အီရန်ခေါင်းဆောင်ကလည်း ၎င်းနှင့်တွေ့ဆုံဆွေးနွေးလိုသည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။ မကြာမီပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အီရန်သမ္မတနှင့် ထရမ့်တို့ တွေ့ဆုံသွားနိုင်ရန်လည်း မျှော်လင့်ထားသည်။

အီရန်ခေါင်းဆောင်ကလည်း ၎င်းနှင့်တွေ့ဆုံလိုသည်ဟု ပြောနိုင်ကြောင်း ထရမ့်က အိမ်ဖြူတော်တွင် သတင်းထောက်များကိုပြောသည်။ ထို့နောက် ၎င်းမှာ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီနှင့် တွေ့ဆုံရန် အဆင်သင့်ဖြစ်နေကြောင်း ထပ်မံပြောကြားခဲ့သည်။

အီရန်သမ္မတသည် ယခုလအတွင်း နယူးယောက်မြို့၌ ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်မည်ဟု ယူဆရသည်။ သို့သော် အီရန်ဘက်ကမူ အပြုသဘောဆောင်သည့် မှတ်ချက်ချပြောဆိုမှုများမရှိသေးပေ။ အမေရိကန်သမ္မတ ထရမ့်၏ သဘောထားတင်းမာသော အမျိုးသားလုံခြုံရေးအကြံပေးဂျွန်ဘော်တန် ထွက်ခွာသွားပြီးနောက် အီရန်နှင့်ညှိနှိုင်းမှုများဖြစ်လာနိုင်ဖွယ်ရှိသည်ဟု အချို့သောသုတေသီများက ခန့်မှန်းကြသည်။ **အေအက်ဖ်ပီ**

# အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဇင်ဘာဘွေနိုင်ငံသား ၉၆ ဦး နေရပ်ပြန်

**ဟာရာရီ စက်တင်ဘာ ၁၃**

ဇင်ဘာဘွေအစိုးရသည် နိုင်ငံသား ၉၆ ဦးကို စက်တင်ဘာ ၁၂ ရက်က နေရပ်သို့ပြန်လာရန်လက်ခံခဲ့သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် တောင်အာဖရိကတွင် နိုင်ငံခြားသား ဆန့်ကျင်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ၍ ဂေါက်တင်းပြည်နယ်မှ ၎င်းတို့၏နိုင်ငံသားများကို နေရပ်သို့ပြန်လည်လက်ခံခဲ့ခြင်းဖြစ်သည်။ ဇင်ဘာဘွေနိုင်ငံသား ၁၇၁ ဦးမှာ နှောင့်ယှက်တိုက်ခိုက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ တောင်အာဖရိကမှပြန်လာသည့်နိုင်ငံသားများကို အဆင်ပြေစွာလက်ခံကြိုဆိုနိုင်ရေး အစိုးရသည် ပြည်သူ့ကာကွယ်ရေးအဖွဲ့ကိုဖွဲ့စည်းထားကြောင်း ဟီရတ်သတင်းစာတွင် စက်တင်ဘာ ၁၃ ရက်က ဖော်ပြထားသည်။ ဇင်ဘာဘွေနိုင်ငံသား ၁၇၁ ဦး ထိခိုက်ခံစား ခဲ့ရပြီး ၉၆ ဦးမှာ နေရပ်ပြန်ရန်ဆုံးဖြတ်ခဲ့သည်ဟုသိရသည်။ ဇင်ဘာဘွေအစိုးရက ၎င်းတို့နေရပ်ပြန်ခြင်းအတွက် အကုန်အကျခံမည်ဖြစ်သည်။ **ဆင်ဟွာ**

# အမေရိကန်သမ္မတ ထရမ့် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံလိုကြောင်း ပြောကြား

**ဝါရှင်တန် စက်တင်ဘာ ၁၃**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့် ယခုနှစ်တစ်ချိန်ချိန်တွင် တွေ့ဆုံချင်ကြောင်း ပြောကြားလိုက်သည်။

သမ္မတ ထရမ့်သည် သတင်းထောက်များကို စက်တင်ဘာ ၁၂ ရက်က မြောက်ကိုရီးယားခေါင်းဆောင်ကင်အနေဖြင့်လည်း မိမိနှင့်တွေ့ချင်နေမည်မှာ ကျိန်းသေကြောင်း ပြောကြားလိုက်သည်။ သို့သော်လည်း မည်သည့်အချိန်၊ မည်သည့်နေရာတွင် တွေ့ဆုံမည်ဆိုသည်ကို အသေးစိတ်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံသည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးနှင့်ပတ်သက်ပြီး အမေရိကန်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်ပြုလုပ်မည်ဟု မြောက်ကိုရီးယား အဆင့်မြင့်အရာရှိကြီးတစ်ဦးက မှတ်ချက်ပြုပြောကြားပြီးနောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မှတ်ချက်ပြုစကားထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုသီတင်းပတ် အစောပိုင်းက အမေရိကန်သမ္မတ ထရမ့်သည် အမေရိကန် နိုင်ငံအမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်လ်တန်ကို ရာထူးမှထုတ်ပယ်လိုက်သည်။ ဂျွန်ဘော်လ်တန်သည် မြောက်ကိုရီးယားအရေး ချဉ်းကပ်ရာတွင် အနည်းငယ်သဘောထားတင်းမာသည်ဟု သုံးသပ်ပြီးနောက် ထိုသို့ ထုတ်ပယ်လိုက်ခြင်းဖြစ်သည်။

ထရမ့်က မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး ဂျွန်ဘော်လ်တန်ကို ခက်ထန်တင်းမာသူဟု ရှုမြင်ထားသည်။ ဂျပန်နိုင်ငံရှိ မြောက်ကိုရီးယားအရေး စိတ်ဝင်စားသည့် သတင်းစာတစ်စောင်တွင် ချိုဆန်ဆင်ဘိုက အလုပ်သဘောဆွေးနွေးမှုများသည် နောက်တစ်ကြိမ်အစည်းအဝေးကျင်းပနိုင်မည့် အရေးကြီးဆုံးအချက် ဖြစ်လာနိုင်ကြောင်း ပြောကြားထားသည်။

တောင်ကိုရီးယားသတင်းမီဒီယာက နှစ်ဖက်အရာရှိကြီးများသည် နောက်လတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ တွေ့ဆုံညှိနှိုင်းမှုများ ပြုလုပ်သွားမည်ဟု ဖော်ပြထားသည်။ တစ်ချိန်တည်းမှာပင် တာတိုပစ် ဒုံးကျည်များကိုလည်း မြောက်ကိုရီးယားက မကြာခဏ စမ်းသပ်ပစ်လွှတ်လေ့ရှိကြောင်း တချို့မီဒီယာများတွင် ဖော်ပြထားသည်။

ယခုသီတင်းပတ် အစောပိုင်းကလည်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာတွင် ခေါင်းဆောင်ကြီး ကင်သည်



အမေရိကန်သမ္မတ ထရမ့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ကို ပန်မွန်ဂျုံကျေးရွာတွင် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်က တွေ့ဆုံခဲ့စဉ်။

အဆင့်မြင့်စွယ်စုံသုံး ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို ကြည့်ရှုခဲ့ကြောင်း ဖော်ပြခဲ့သည်။ နောက်ထပ်လည်း ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို ပြုလုပ်ရန်လည်း ကင်က တိုက်တွန်းပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်သတင်းစာရှင်းလင်းပွဲနှင့် စာပေစကားဝိုင်းကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၃**
မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် သတင်းစာရှင်းလင်းပွဲနှင့် စာပေစကားဝိုင်းကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံး ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် မိုးမိုး (အင်းလျား) ၇၅ နှစ် အထိမ်းအမှတ် စာပေနှင့် အနုပညာပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာမဒေါ်သန်းမြင့်အောင်၊ ဒုတိယဥက္ကဋ္ဌ ဆရာမ မနှင်းဖွေးနှင့် အတွင်းရေးမှူး ဆရာမမြကြာငုံ (ခ) ဒေါက်တာနီလာသိန်းတို့က မိုးမိုး (အင်းလျား)၇၅ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ကို အောက်တိုဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံတွင် ကျင်းပသွားမည် ဖြစ်ကြောင်း ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပွဲတော်တွင် မိုးမိုး(အင်းလျား) ဘဝနှင့် စာပေဓာတ်ပုံများနှင့်အတူ မြန်မာအမျိုးသမီး စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိနှင့်ဓာတ်ပုံများခင်းကျင်းပြသခြင်း၊ "မိုးမိုး အကြောင်းပြောကြမယ်" စကားဝိုင်းနှင့်အတူ စာပေအနုပညာကဏ္ဍအသီးအသီးအတွက် စကားဝိုင်းများ ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ရသစာပေမှ ကြိုက်နှစ်သက်ရာ စာအုပ်ကို ဖတ်ရှုပြီး ပြန်ပြောင်းပြောဆိုဆွေးနွေးသည့် လူငယ်ရသစာပေဖတ်ညွှန်းပြိုင်ပွဲများ ဖိတ်ခေါ်ကျင်းပခြင်း၊ စာပေအနုပညာနှင့် ပတ်သက်သည့် စာတမ်းများတင်သွင်းဖတ်ကြားခြင်း၊ ပန်းချီ၊ ကာတွန်း၊ ကဗျာကဏ္ဍအသီးသီးအတွက် ကဗျာရွတ်ဆိုခြင်း၊ ပန်းချီလက်တွေ့ရေးဆွဲခြင်း၊ ကာတွန်းပုံများပြသခြင်း၊ ပုံတူရုပ်ပြောင်များ ရေးဆွဲပေးခြင်း၊ စာပေအနုပညာရှင်များမှ တင်ဆက်သည့် တစ်ခန်းရပ်ပြဇာတ်နှင့် သီဆိုဖျော်ဖြေမှု တစ်ညနေခင်းစာတင်ဆက်ခြင်း၊ လူငယ်စာပေအနုပညာဝါသနာရှင် မျိုးဆက်သစ်များမှ စာပေအနုပညာကဏ္ဍ အသီးသီးပါဝင်တင်ဆက်ခြင်း၊ အမှတ်တရစာအုပ်ထုတ်ဝေခြင်းနှင့် စာအုပ်ဈေးရောင်းပွဲများ ပါဝင်မည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

မွန်းလွဲပိုင်းတွင် စာပေစကားဝိုင်းကို ဆက်လက်ကျင်းပရာ moderator အဖြစ် ဆရာနေဇော်နိုင်က ဆောင်ရွက်ပြီး ဆရာမောင်သာချို၊ ဆရာမ ဝါဝါထင်လင်းနှင့် ဆရာမမိုးမိုး (အင်းလျား)၏ သမီး ဆရာမ သွယ်သွယ်မျိုးညွန့်တို့က ဆရာမ မိုးမိုး (အင်းလျား)၏ စာပေဖြတ်သန်းမှု အကြောင်းများကို ဟောပြောဆွေးနွေးကြသည်။

ဆရာမောင်သာချိုက "မိုးမိုး (အင်းလျား)ရဲ့စာပေအနုပညာစွမ်းရည် ဝတ္ထုတို၊ ဝတ္ထုအရှည်တွေရေးတဲ့ သူရဲ့ စွမ်းရည်အတတ်ပညာတွေ၊ စာပေအရေးအသား ဘယ်လောက်ကောင်းတယ်ဆိုတာတွေ သူ့ဝတ္ထုတွေက ပြည်သူလူထုဘဝ၊ မြန်မာနိုင်ငံထဲမှာရှိနေတဲ့ လူပေါင်းစုံဘဝတွေကို စုံစုံလင်လင်ရေးနိုင်တဲ့အတွက် အင်မတန် လေးစားစရာကောင်းတဲ့ စာရေးဆရာမကြီး တစ်ယောက် ဖြစ်တယ်ဆိုတာ ဟောပြောခဲ့ပါတယ်"ဟု ပြောသည်။

ဆရာမမိုးမိုး(အင်းလျား)၏ သမီး ဆရာမ သွယ်သွယ်မျိုးညွန့်က "မေမေနဲ့ ပတ်သက်ပြီး အမှတ်တရတွေကတော့ အများကြီးရှိပါတယ်။ မေမေဆုံးတော့ ငယ်လည်း ငယ်သေးတယ်။ မေမေ ကိုယ့်ပေါ် ထိန်းကျောင်းခဲ့တဲ့ အမှတ်တရလေးတွေ၊ သားအမိကြားက အမှတ်တရလေးတွေကတော့ အများကြီးရှိခဲ့ပါတယ်။ ဒီနေ့အခမ်းအနားမှာ မေမေရေးခဲ့တဲ့ စာတွေနဲ့ ပတ်သက်ပြီး စာရေးဆရာ၊ ဆရာမတွေက သူတို့ဖတ်ထားခဲ့တဲ့ အမှတ်တရတွေ၊ တွေ့ကြုံခဲ့တဲ့အမှတ်တရလေးတွေ ပြောကြားကြပါတယ်" ဟု ပြောသည်။




မိုးမိုး(အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စာပေစကားဝိုင်း ကျင်းပစဉ်။

စာရေးဆရာမမိုးမိုး(အင်းလျား)ကို ၁၉၄၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မွေးဖွားခဲ့ပြီး ယခုလာမည့် ၂၀၁၉ အောက်တိုဘာ ၂၄ ရက်နေ့တွင် ဆရာမ အသက်ထင်ရှားရှိမည်ဆိုပါက အသက် ၇၅ နှစ်ပြည့် မွေးနေ့ဖြစ်သည်။ ဆရာမ ကွယ်လွန်သွားခဲ့သည်မှာ ၂၀၁၉ ခုနှစ် မတ် ၁၃ ရက်တွင် ၂၉ နှစ် ရှိခဲ့ပြီးဖြစ်သည်။ ဆရာမမိုးမိုး (အင်းလျား)သည် လုံးချင်းဝတ္ထု ၂၆ အုပ်နှင့် ဝတ္ထုတိုများ၊ မဂ္ဂဇင်းဝတ္ထုရှည်များ ရေးသားခဲ့ပြီး အမျိုးသားစာပေဆု လေးကြိမ်တိုင်တိုင် ရရှိခဲ့ကြောင်း၊ ဆရာမ၏ ဝတ္ထုများထဲတွင် "ပျောက်သောလမ်းမှာ စမ်းတဝါး"၊ "ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား"၊ "မသုဓမ္မစာရီ"၊ "ငြိမ်းကိုရှက်ပါ"၊ "မှတစ်ပါး အခြားမရှိပြီ"၊ "ရွှေတိဂုံကို မြင်လျှင်"တို့သည် ထင်ရှားသည့် ဝတ္ထုများဖြစ်ပြီး ဆရာမ၏ ဝတ္ထုများကို ရုရှား၊ ဂျပန်၊ အင်္ဂလိပ်ဘာသာတို့သို့ ပြန်ဆိုခဲ့ကြကာ ဗီဒီယိုနှင့် ရုပ်ရှင်များလည်း ရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မင်းသစ်**(MNA)

## မြန်မာ့ရုပ်မြင်သံကြား

၁၄-၉-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၁၀း၃၅ - လုံမမှတ်စု(၁၀၄)
၁၄း၂၅ - မူးယစ်၏သားကောင် (ကာတွန်း)
၁၅း၀၀ - " နှင်းကွဲချိန် "

**ညပိုင်း**

၁၆း၃၅ - " မသန်ပေမယ့်စွမ်းတဲ့သူ" (ထွင့်ခေါင်မှူး)
၁၇း၀၅ - "ပန်းပွင့်လေးများဆုံစည်းရာ" (လူရည်ချွန်)
၁၇း၁၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၀ - NHK Program "Project X: Innovator" (ထရပ်ကားဖြင့် အမြန်ချောပို့ဆောင်မှု တစ်ခေတ်ဆန်းသစ်ခြင်း) (ပထမပိုင်း)
၁၇း၅၅ - လျှောင်လှုပ်ရင် ဘယ်လိုနေရမလဲ
၁၈း၂၅ - Tasty Trip
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း-၁၆)
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - ရာဇဝင်ထဲက သမိုင်းအနုပညာ " ရတနာပုံနန်းမြို့မတည်မီကတည်းက တည်ရှိခဲ့သော ဘုရားများ " (ဦးပွားဘုရား၊ မြေစွန်းဝံဘုရား)
- ဂီတသမား၊ ဂီတစကား " အကြောင်းအရာတူ တေးသီချင်း(၂) ပုဒ်" (ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
- " ဟိုဘက်အိမ်ကမီးထိန်ထိန်" (အပိုင်း-၁)

❖ *ကျောဖုံးမှ*

ရခိုင်အသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၂၉ မှတ်၊ စစ်ကိုင်းအသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ ဇွဲကပင်အသင်းက ၂၁ မှတ်၊ Southern အသင်းက ရမှတ် ၂၀၊ ဒဂုံနှင့် Chinland အသင်းတို့က ၁၇ မှတ်စီရထားသည်။ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) အဖြစ် စက်တင်ဘာ ၁၅ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် စစ်ကိုင်းအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် မကွေးအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ဒဂုံအသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ဟံသာဝတီအသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နှစ်မှတ်အသာရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲရယူနိုင်ရုံဖြင့် ချန်ပီယံဆုရမည်ဖြစ်ပြီး ဧရာဝတီအသင်းမှာမူ နိုင်ပွဲရရန် လိုအပ်သည့်အပြင် ရှမ်းအသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ ရန်ကုန်အသင်းမှာမူ ရှမ်းနှင့် ဧရာဝတီ နှစ်သင်းစလုံး ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်ရာ ယင်းသုံးသင်းတွင် အခွင့်အရေးအနည်းဆုံးဖြစ်နေသည်။ တန်းဆင်းဇုန်တွင်မူ Southern နှင့် ဒဂုံအသင်း တွေ့ဆုံနေရာ ဒဂုံအသင်းအနေဖြင့် အနိုင်ရမှ မျှော်လင့်နိုင်မည်ဖြစ်ပြီး Southern အသင်းသာ အနိမ့်ဆုံးသရေကစားနိုင်ပါက တန်းဆင်းဇုန်မှ လွတ်မြောက်မည် ဖြစ်သည်။

ထို့ကြောင့် သုံးမှတ် အသာရထားသည့် Southern အသင်းက တန်းဆင်းဇုန်မှလွတ်ရန် အခွင့်အရေးအကောင်းဆုံးဖြစ်နေပြီး ဒဂုံနှင့် Chinland အသင်းမှာ အခွင့်အရေးနည်းနေသည်။

**ညီမြတ်သော်တာ**

● *ကျောဖုံးမှ*

သက်ထားသူဇာအနေဖြင့် အမှားအယွင်းမရှိ ကစားနိုင်ခဲ့သောကြောင့် ၂၁-၁၆ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာ၏ပွဲကို မြန်မာပရိသတ် အများအပြား လာရောက်အားပေးခဲ့ပြီး ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် အင်ဒိုနီးရှားကစားသမား ဘာတာရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘာတာရီသည် ကွာတားဖိုင်နယ်တွင် ဆီဒင်(၃)ရ ထိုင်းကစားသမား ဘင်ရာပါကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**




## နိုင်ငံတကာ ဘောလုံးလောကသတင်းတိုများ

**နောက်ဆုံး ကိုးကြိမ်တွေ့ဆုံမှုတွင် မန်ယူကို နိုင်ပွဲမရရှိသေးသည့် လက်စတာ**

ပရီမီယာလိဂ်ပွဲစဉ် ၅ ကို ယနေ့ညပိုင်းတွင် အသင်းကြီးများဖြစ်သည့် လီဗာပူး၊ မန်ယူ၊ တော့တင်ဟမ်၊ ချယ်လ်ဆီးနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြတော့မည်ဖြစ်သည်။ ယနေ့ည ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် မန်ယူနှင့် လက်စတာအသင်းတို့ပွဲစဉ်တွင် မန်ယူအသင်းသည် ပရီမီယာလိဂ် လေးပွဲကစားပြီးချိန်တွင် တစ်ပွဲသာ အနိုင်ရရှိထားပြီး တစ်ပွဲရှုံး၊ နှစ်ပွဲသရေကျထားသည်။ လက်စတာအသင်းက ပရီမီယာလိဂ်တွင် လေးပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေကျထားသည်။ ထို့အပြင် မန်ယူအသင်းသည် လက်စတာအသင်းနှင့် နောက်ဆုံးကိုးကြိမ် ထိပ်တိုက်တွေ့ဆုံမှုတွင် ခြောက်ပွဲနိုင်၊ သုံးပွဲသရေကျထားပြီး လက်စတာအသင်းကို ရှုံးနိမ့်ထားခြင်းမရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ထိုပွဲတွင် ပေါ့ဂ်ဘာသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် လွဲချော်ဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**မက်ဒီဆင်၏ ခြေစွမ်းကို မန်ယူ စောင့်ကြည့်လျက်ရှိ**

မန်ယူအသင်းသည် လာမည့်နွေရာသီတွင် ဝယ်ယူရန်အလို့ငှာ လက်စတာကွင်းလယ်ကစားသမား ဂျိမ်းစ် မက်ဒီဆင် (၂၂ နှစ်) ၏ ခြေစွမ်းကို စောင့်ကြည့်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရှူးစ်ကို ခေါ်ယူရန် နာမည်ကြီးအသင်းများ စိတ်ဝင်စားနေ**

လီဗာပူး၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် နာပိုလီအသင်းမှ စပိန်ကွင်းလယ်ကစားသမား ဖေဘီယန် ရူးစ် (၂၃ နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**ကန်တီကို နည်းပြဇီဒန်း ခေါ်ယူလို**

ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းသည် ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ကန်တီ (၂၈ နှစ်)ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**တယ်ရီကို နည်းပြဖြစ်လာနိုင်ကြောင်း နည်းပြဟောင်း မတ်တီယို ထောက်ခံ**

ချယ်လ်ဆီးအသင်းခေါင်းဆောင်ဟောင်း တယ်ရီကို နည်းပြဟောင်း ရော်ဘတ်တိုဒီမတ်တီယိုက တစ်နေ့တွင် ချယ်လ်ဆီးအသင်း၏ နည်းပြဖြစ်လာနိုင်ကြောင်း ထောက်ခံပြောကြားလိုက်သည်။

**နွေရာသီတွင် အသင်းမှ ထွက်ခွာချင်ခဲ့ကြောင်း အူရီယာ ဝန်ခံ**

တော့တင်ဟမ်အသင်းမှ အသက် (၂၆ နှစ်)အရွယ် အိုင်ဗရီကို့စ် ညာခံစစ်ကစားသမား ဆာ့ဂ်ျအူရီယာသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာချင်ခဲ့ကြောင်း ဝန်ခံပြောကြားလိုက်သည်။

**အောင်ဇော်**

# မြေယာမှတ်တမ်းများ စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက္ကူမြေပုံများနေရာတွင် ဒစ်ဂျစ်တယ်ကွင်းမြေပုံများ အစားထိုးအသုံးပြုမည်

နေပြည်တော် စက်တင်ဘာ ၁၃

**ကွင်းမြေပုံများ ထူထောင်ခြင်းလုပ်ငန်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ ကွင်းဆင်းကောက်ယူမှတ်တမ်းပြုစုခြင်း လုပ်ငန်းများနှင့် တောင်သူတစ်ဦးချင်းလုပ်ပိုင်ခွင့်ရ ရေိယာစာရင်းများ ဆောင်ရွက်ခြင်းစသည့် မြေယာမှတ်တမ်းများ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်၊ လူအင်အားနှင့် ငွေကြေးကုန်ကျမှုသက်သာစေပြီး ပိုမိုတိကျမှန်ကန်စေရန် ယခင်အသုံးပြုခဲ့သော စက္ကူမြေပုံများ နေရာတွင် ဒစ်ဂျစ်တယ်ကွင်းမြေပုံများဖြင့် အစားထိုးအသုံးပြုတော့မည်ဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။**

မောင်းသူမဲ့ဒရုန်း အသုံးပြုတိုင်းတာသည့် နည်းပညာများဌာနအတွင်းဖွံ့ဖြိုးလာစေရန်၊ ဌာနမှ ဝယ်ယူရေးဆွဲနေရသည့် ကောင်းကင်မြေပုံများ၏ နေရာတွင် အရည်အသွေးမြင့်ဓာတ်ပုံများ၊ အဆင့်မြင့် ဒစ်ဂျစ်တယ်နည်းပညာများဖြင့် အစားထိုးအသုံးပြုနိုင်ခြင်းဖြင့် မြေယာမှတ်တမ်းစီမံခန့်ခွဲမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစီမံကိန်း၏အစီအစဉ်ဖြင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနဝန်ထမ်းများအတွက် နည်းပညာဆိုင်ရာသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂ ရက်မှ စတင်ကာ နေပြည်တော် Great Wall Hotel ၌ ၁၁ ရက်ကြာ ဆွေးနွေးပို့ချခဲ့ရာ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ကမ္ဘာ့ဘဏ် အထောက်အပံ့ဖြင့် ဆောင်ရွက်နေသောစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြု စီမံကိန်းကို ၂၀၁၅ - ၂၀၁၆ ခုနှစ်မှ ၂၀၂၀-၂၀၂၁ ခုနှစ်အထိ စီမံကိန်းကာလ ခုနစ်နှစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းဆည်ရေသောက်ဧရိယာအတွင်း သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းအားမြှင့်တင်ခြင်းနှင့်တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေး၊ အိမ်ထောင်စုပေါင်း ၂၅၀၀၀ နှင့် ဆည်ရေသောက်လယ်ယာ မြေဧက ၈၆၀၀၀ ကို တိုက်ရိုက်အကျိုးပြုနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။



စက္ကူမြေပုံနေရာတွင် ဒစ်ဂျစ်တယ်ကွင်းမြေပုံများ အစားထိုးအသုံးပြုတော့မည် နမူနာပုံစံများကို ပြသထားစဉ်။

ရာသီအလိုက် စိုက်ပျိုးသီးနှံများ၏ စိုက်ဧရိယာများကို GIS, Remote Sensing နည်းပညာများဖြင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်မှတ်တမ်းတင်နိုင်မည်ဖြစ်သည့်အတွက် မြေယာမှတ်တမ်းများ စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုစနစ်ကျထိရောက်စွာ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အပြင် အရေးပေါ်ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်းများတွင် Updated Digital မြေပုံများနှင့် Geospatial Data များ အသုံးပြုပြီး GIS, Remote Sensing နည်းပညာများနှင့်အတူ တိကျလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ပြည်ပဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှစေလွှတ်သော ပညာတော်သင် ရဟန်းသံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၃**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်ဖွဲ့စည်းခဲ့ပါသည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒ ဗုဒ္ဓသာသနာပြုသံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ Website ဖြစ်သည့် www.mahana.org.mm (မြန်မာ - အင်္ဂလိပ် နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) Gmail ဖြစ်သည့် tharwi2016@gmail.com နှင့် ဒေါ်မိုးမိုးစန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့၊ သာသနာရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ သာသနာရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်းနံပါတ် ၀၉-၂၅၅၉၈၀၁၅၇၊ ၀၉-၇၃၁၃၂၃၀၂၊ ပြည်ပရေးရာရုံးအဖွဲ့ ၀၁-၆၆၁၇၄၆ (ဖုန်း၊ ဖက်စ်) တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသောPTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 West တွင် Drilling Campaign လုပ်ငန်းများအား Semi-Submersible Drilling Rig, Noble Cylde Boudreaux (Call Sign: A8BM6) ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် M-9 West (1st Operation) ကို စက်တင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ လည်းကောင်း၊ M-9 West (2nd Operation) ကို ၂၀၂၀ ခုနှစ် မတ် ၁၀ ရက်မှ ၂၀၂၀ ခုနှစ် ဧပြီ ၃၀ ရက်အထိ လည်းကောင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

Drilling Campaign လုပ်ငန်းဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) Restricted Area Boundary Coordinates (1st Operation)

| Point | Latitude | Longitude |
|---|---|---|
| Point (A) | 14· 27' 17.22" N | 94· 49' 00.06" E |
| Point (B) | 14· 27' 23.88" N | 95·16' 20.21" E |
| Point (C) | 14· 19' 41.28" N | 95· 16' 21.71" E |
| Point (D) | 14· 19' 41.60" N | 95· 29' 47.90" E |
| Point (E) | 14·00' 00.00" N | 95·29' 50.50" E |
| Point (F) | 14·00' 00.00" N | 94· 49' 00.00" E |
| Point (A) | 14·27' 17.22" N | 94· 49' 00.06" E |

(ခ) Individual Surface Location of Well (2nd Operation)

| Point | Latitude | Longitude |
|---|---|---|
| Pundarika-1 | 14· 10' 01.90" N | 95· 27' 56.70" E |
| Aungpyitan-1 | 14· 12' 55.004" N | 95· 02' 04.552" E |
| Uppala-1 | 14· 20' 14.60" N | 95· 06' 20.52" E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 West တွင် Drilling Campaign တွင်းတူးဖော်ခြင်းလုပ်ငန်းများကို Semi- Submersible Drilling Rig, Noble Cylde Boudreaux ဖြင့် M-9 West (1st Operation) ကို စက်တင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိလည်းကောင်း၊ M-9 West (2nd Operation) ကို ၂၀၂၀ ခုနှစ် မတ် ၁၀ ရက်မှ ၂၀၂၀ ခုနှစ် ဧပြီ ၃၀ ရက်အထိ လည်းကောင်း လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်မည့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**မြန်မာ့အလင်း**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၃-၉-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၈၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၄၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၆၈၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၁၅ ကျပ် | ၉၁၅/၉၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၂၅ ကျပ် | ၉၃၀/၉၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၇၀/၈၂၀ ကျပ် | ၈၄၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၆၀/၉၁၀ ကျပ် | ၉၄၅/၉၆၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၀ · ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၉၇ · ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၄ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၀၅ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၁၇ · ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၅၂ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ · ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၅၁၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၀ · ၀၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ · ၃၁၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၁၃-၉-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂ | ၇၄၃၀၀၀ |
| MTSH | ၄၄၀၀ | ၄၄၀၀ | ၃၇၇၅၆ | ၁၆၆၁၂၆၄၀၀ |
| MCB | - | - | - | - |
| FPB | ၂၅၅၀၀ | ၂၆၀၀၀ | ၄၂၁ | ၁၀၇၃၆၅၀၀ |
| TMH | ၃၀၀၀ | ၃၁၀၀ | ၇၆၇ | ၂၃၃၉၃၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# စိတ္တဇဆန်ဆန် ဒရာမာဇာတ်လမ်းအမျိုးအစား ဖြစ်လာမည့် ‘မောင်တိုက်’ ရုပ်ရှင်ကို စတင်ရိုက်ကူးလျက်ရှိ

Dream ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မည့် စိတ္တဇဆန်ဆန် ဒရာမာဇာတ်လမ်း အမျိုးအစားဖြစ်သော ‘မောင်တိုက်’ဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကြီးကို စက်တင်ဘာ ၁၁ ရက်မှစတင်ပြီး ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိကြောင်း သိရသည် ။

မောင်တိုက် ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးသည့် ဒါရိုက်တာ ချို၀တ်ရည်က “အစ်မက ပထမရုပ်ရှင် ပုံရိပ် ဇာတ်ကားကို ရိုက်ကူးတော့ ကျော်ကျော်ဗိုလ်နဲ့လိုက်ဖက်မယ့် ဇာတ်လမ်းကို ပုံဖော်ဖြစ်ခဲ့တယ်၊ ဒီကားက စိတ္တဇဆန်ဆန် ဒရာမာပုံစံလည်း ဖြစ်တယ်၊ Real ဖြစ်လိုက်၊ ဝတ္ထုထဲ ရောက်သွားလိုက်နဲ့ ဇာတ်ကို ကစားထားတာပါ၊ ခံစားချက်ရသစုံကို ထည့်ထားပါတယ်၊ ဇာတ်လမ်းကတော့ စာရေးတစ်ယောက်ရဲ့အကြောင်းကို Message ပေးထားတာပါ၊ စာရေးဆရာတစ်ယောက်က ပိုက်ဆံမရှိလို့ နောက်ကနေ ရှဲဒိုးရေးပေးနေတယ်၊ စာအုပ်တွေက အောင်မြင်ပေမယ့် လူမသိတဲ့ သူ့ခံစားချက်ကို ဖန်တီးထားပါတယ်”ဟု ပြောသည် ။

ထိုဇာတ်ကားအတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ပိုင်တံခွန်ကလည်း “ဒီဇာတ်ကားလေးက နည်းနည်း စိတ္တဇဆန်တဲ့ ပုံစံလေးပါ၊ ကျွန်တော် ဒီကားလေးကို ရိုက်ဖြစ်တာက လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက ကျွန်တော့်ကို ကမ်းလှမ်းခဲ့သလို ဇာတ်လမ်းပုံစံလေးကိုလည်း သဘောကျလို့ ကျွန်တော် လက်ခံရိုက်ကူးဖြစ်တာပါ၊ ပြင်ဆင်မှုအပိုင်းကတော့ ကျွန်တော်က ရုပ်ရှင်ဘက်မှာ အသစ်တစ်ယောက်ဖြစ်တာမို့ ပြင်ဆင်ရတာတွေက တခြားအလုပ်တွေထက် ပိုပါတယ်၊ ထုတ်လုပ်ရေးက ဇာတ်ကားနဲ့ပတ်သက်တာတွေ ကြိုလုပ်တဲ့အခါ ကျွန်တော်က ခရီးသွားနေတာနဲ့ သိပ်မသိလိုက်ရဘူး၊ ဒီတော့ ရိုက်ကူးရေးနေ့မှပဲ ကိုယ့်ထက်ဝါရင့်တဲ့သူတွေဆီကနေ သင်ယူရတော့မယ်၊ ဒီကားလေးက ကျွန်တော်ရိုက်ချင်တဲ့ ပုံစံမျိုးလေးလည်းဖြစ်ပါတယ်၊ လျှို့ဝှက်ချက်တွေ များတော့ ပရိသတ်စိတ်ဝင်စားမှု အများကြီးရမယ့် ကားကောင်းတစ်ကားပါပဲ”ဟု ပြောသည်။

အဆိုပါ မောင်တိုက်ရုပ်ရှင်၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ ချို၀တ်ရည်ကပင် ရေးသားထားကာ သရုပ်ဆောင်များအဖြစ် ကျော်ကျော်ဗိုလ်၊ ပိုင်တံခွန်၊ မင်းမြတ်စိုးစံ၊ ဇင်မျိုး၊ အိချောပို၊ Emily Bo၊ သီဂီထွန်းနှင့် မျိုးမျိုးခိုင်စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ကိုလင်း



မောင်တိုက် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးသည့် အခမ်းအနားမှ သရုပ်ဆောင်များ

# တေးရေး တေးဆို ဗျူဟာ၏ တတိယမြောက်စီးရီး ‘ရွှေဖြစ်တဲ့နေ့’ စတင်ဖြန့်ချိ

တေးရေး နိုင်မြန်မာ၏ သားဖြစ်ပြီး Hip Hop ဂီတ အမျိုးအစားဖြင့် ဂီတလောကတွင် အောင်မြင်မှုရရှိနေသည့် တေးသံရှင် ဗျူဟာ၏ တတိယမြောက် စီးရီးအဖြစ် အဆိုတော် K နိုင် နှင့်အတူ ရွှေဖြစ်တဲ့နေ့ဟု အမည်ပေးထားသည့် စီးရီးသစ်ကို စက်တင်ဘာ ၉ ရက်မှစ၍ Myanmar Music Store မှ ဖြန့်ချိခဲ့ကြောင်း သိရသည်။



“ကျွန်တော်တို့က သီချင်းလေးတွေ ဖန်တီးတဲ့အခါ သဘာဝကျကျလေးတွေ ရွေးလုပ်ဖြစ်တာများတယ်၊ ကျွန်တော်တို့ အခြေခံလူတန်းစားတွေရဲ့ တစ်နေ့တာ အဖြစ်အပျက်လေးတွေကို တေးသွားတွေနဲ့ ပုံဖော်ပြီး ပြောချင်နေတဲ့ စကားတွေကို ဒီသီချင်းတွေထဲကနေ ပြသသွားတာမျိုးပေါ့နော်၊ အခု ရွှေဖြစ်တဲ့နေ့ စီးရီးလေးကိုလည်း ကျွန်တော်နဲ့ Kနိုင်တို့ ပူးပေါင်းပြီး ဖန်တီးကြတာပါ၊ သူကလည်း ပရိသတ် လက်ခံအားပေးမှုတွေ ရှိထားသူဖြစ်ပြီး ကျွန်တော်ကလည်း ပရိသတ်ရှိတော့ နှစ်ယောက်ပေါင်းပြီး ရွှေဖြစ်တဲ့နေ့ကို ပုံဖော်ဖြစ်ခဲ့ကြတာပါ၊ ဒီအခွေကို တစ်နှစ်ကျော် အချိန်ယူပြင်ဆင်ခဲ့ပါတယ်၊ ရွှေဖြစ်တဲ့နေ့ ဆိုတာကတော့ လူတစ်ယောက်ဟာ လုပ်ငန်းကိုင်ငန်းတွေ အဆင်ပြေတဲ့နေ့က ရွှေဖြစ်တာပဲ၊ ဒီလိုပါပဲ ဒီနေ့ ဒီအခွေထွက်တဲ့အတွက် ကျွန်တော်တို့ကတော့ ရွှေဖြစ်တဲ့နေ့ပါပဲ၊ သီချင်းတွေမှာ လက်ရှိဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေ ပါဝင်သလို ခေတ်ကာလ အကြောင်းအရာလေးတွေကိုလည်း ဖော်ညွှန်းရေးသားထားပါတယ်” ဟု စီးရီးသစ် မိတ်ဆက်ပွဲတွင် အဆိုတော် ဗျူဟာက ပြောသည်။

ဗျူဟာ၏ ယခင်က ထွက်ရှိခဲ့သော ‘မြောက်ပိုင်းသား’ စီးရီးနှင့် ‘နိုင်ငံကျော်မယ့် ဗျူဟာ’ တေးစီးရီးတို့သည် လူငယ်ပရိသတ်များကြား အောင်မြင်မှုများစွာ ရရှိထားပြီး ရိုးရိုးလေး၊ မြောက်ပိုင်းသား၊ အပျိုကြီး၊ နိုင်ငံကျော်မယ့်ဗျူဟာ၊ သမီးရှင်၊ မစ္စတာဗျူဟာနှင့် Beautiful Girl စသည့် သီချင်းများသည် အအောင်မြင်ဆုံးသီချင်းများ ဖြစ်ခဲ့သည်။

ကိုလင်း

# ‘အဆောင်အိပ်မက် နိဒါန်း(၂)’ ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာလကုန်တွင် စတင်ရိုက်ကူးမည်

အဆောင်အိပ်မက် နိဒါန်း(၁) ရုပ်သံဇာတ်လမ်းတွဲကို ပြသခဲ့ပြီးနောက် ယခုထပ်မံ၍ အဆောင်အိပ်မက် နိဒါန်း(၂) ရုပ်သံဇာတ်လမ်းတွဲကို Stellar Seven Entertainment မှ ထပ်မံရိုက်ကူးသွားမည်ဖြစ်ပြီး Fortune ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဟု သိရသည်။

အဆိုပါ ဒုတိယ ဇာတ်လမ်းတွဲသစ်ကို စက်တင်ဘာလနောက်ဆုံးပတ် သို့မဟုတ် အောက်တိုဘာလ ပထမပတ်ထဲတွင် စတင် ရိုက်ကူးသွားမည်ဖြစ်ကြောင်းနှင့် အချိန် သုံးလကျော်ကြာ ရိုက်ကူးသွားမည်ဖြစ်ကာ အပိုင်း ၂၄ ပိုင်း ပါဝင်မည်ဖြစ် ကြောင်းသိရသည်။

“ပြီးခဲ့တဲ့ ဇာတ်လမ်းတွဲကလည်း အဆောင်သူ ရှစ်ယောက်ရဲ့ဇာတ်လမ်းပဲ၊ အခု ဒုတိယတွဲကလည်း အဆောင်သူ ရှစ်ယောက်ရဲ့ ဇာတ်လမ်းကို တည်ပြီးမှ ဖြစ်ပေါ်လာတာပေါ့၊ အဆောင်မှာ လူတွေနေကြတယ်၊ လူတွေနေရင်း၊ ရုန်းကန်ရင်း၊ ကြီးပွားတိုးတက်ဖို့လုပ်ရင်းနဲ့ ဖြစ်လာတဲ့ ဇာတ်လမ်းမျိုး ဖြစ်ပါတယ်”ဟု အဆိုပါ ဇာတ်လမ်းတွဲကို ရိုက်ကူးသည့် ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်က ပြောသည်။

အဆောင်သူ ရှစ်ယောက်၏ အဖြစ်အပျက် ရှစ်ခုကို ပြသရိုက်ကူးသွားမည်ဖြစ်သည့်အတွက် အဆောင်သူများ၏ အခက်အခဲများ၊ ဘဝကို ရပ်တည်ရန် ခက်ခဲစွာ ရုန်းကန်နေကြရသည့် အခြေအနေများ၊ မိဘများနှင့်နေလျှင် မလွတ်လပ်သည့်အတွက် အဆောင်တွင်နေကြသူများ စသည်ဖြင့် အကြောင်းအရာမျိုးစုံကို ထည့်သွင်းရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆောင်အိပ်မက် နိဒါန်း(၂) ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်မည့် သရုပ်ဆောင်များ

အဆောင်အိပ်မက် နိဒါန်း(၂) ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မယ်ခိုင်နှင့် ရွှေပြည်တို့က ရေးသားထားပြီး အကယ်ဒမီ မလိခစိုးထိုက်အောင်က ရိုက်ကူးမည်ဖြစ်ကာ သရုပ်ဆောင်များအဖြစ် ရဲအောင်၊ ပြေဇင်၊ ညီထွဋ်ခေါင်၊ ငြိမ်းသော်၊ Russell၊ ထူးပြည့်အောင်၊ Young P၊ ဆုမြတ်နိုးဦး၊ စဝ်ယွန်းဝတီဦး၊ ဆုထက်ထက်၊ မေစီမေ၊ မေသက်ကျော်၊ ထွန်းအိန္ဒြာနိုင်၊ ချစ်မေတ္တာချို၊ အိမ့်မှူးကေသွယ်နှင့် အခြား သရုပ်ဆောင်များစွာ ပါဝင် သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

# ‘ရှုံးအောင်ချစ်မယ့်လူ’ ဇာတ်ကားမှ တူမဖြစ်သူ မေတိုးခိုင်အတွက် အိန္ဒြာကျော်ဇင်က အမှတ်တရစကားပြောကြား

ရွှေစင်ဦးရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ရှုံးအောင်ချစ်မယ့်လူ ရုပ်ရှင်ဇာတ်ကားကြီးကို စက်တင်ဘာ ၁၂ ရက်က စတင် ရုံတင်ပြသနေပြီဖြစ်ရာ ယင်းဇာတ်ကားထဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသော တူမဖြစ်သူ မေတိုးခိုင်အတွက် အကယ်ဒမီ အိန္ဒြာကျော်ဇင်က အမှတ်တရစကား ပြောကြားခဲ့သည်။



“ရှုံးအောင်ချစ်မယ့်လူ ဇာတ်ကားမှာ ကိုယ်ကိုယ်တိုင် ပါသလို အူဝဲရဲ့တူမဖြစ်တဲ့ မေတိုးခိုင်လည်း ပါနေတော့ ကိုယ်ကိုယ်တိုင်ထက် သူ့အတွက် ပူပန်တာတွေရော၊ စိတ်လှုပ်ရှားတာတွေရော ဖြစ်မိပါတယ်။ သူ ပိုင်ပိုင်နိုင်နိုင်မှ သရုပ်ဆောင်နိုင်ပါ့မလားလို့ စိုးရိမ်စိတ်တွေ ဖြစ်ခဲ့ရတယ်။ အူဝဲအနေနဲ့လည်း သူ့ကို မေတိုးခိုင်ဆိုတာကို ဖျောက်ပြီး သူသရုပ်ဆောင်ရမယ့် အခရာဆိုတဲ့ ဇာတ်ရုပ်ကိုပဲ စိတ်ခံစားမှုထည့်ထားဖို့ ညွှန်ပြပေးတာတွေတော့ ရှိပါတယ်”ဟု ဇာတ်လမ်းရိုက်ကူးစဉ်က တူမဖြစ်သူအား ပံ့ပိုးပေးခဲ့မှုအပိုင်းနှင့်ပတ်သက်၍ အိန္ဒြာကျော်ဇင်က ပြောသည်။

“သရုပ်ဆောင်ပိုင်းကိုတော့ အူဝဲရဲ့ပုံစံနဲ့ ထပ်တူဖြစ်နေမှာစိုးတဲ့အတွက် သူ့အိုက်တင်နဲ့သူ လွတ်လွတ်လပ်လပ် သရုပ်ဆောင်ခိုင်းခဲ့ပါတယ်။ မေတိုးခိုင်ကလည်း သူ့ကာရိုက်တာကို အကောင်းဆုံး ပီပြင်အောင် သရုပ်ဆောင်နိုင်ခဲ့တဲ့အတွက် ကျေနပ် ပီတိဖြစ်မိပါတယ်”ဟု အိန္ဒြာကျော်ဇင်က ဆက်ပြောသည်။

လွန်းထားထား၏ ဝတ္ထုကို မယ်ခိုင်နှင့် အင်ကြင်းဟန်တို့ ဇာတ်ညွှန်းရေးသား၍ ဒါရိုက်တာ အောင်ဇော်လင်း ရိုက်ကူးပုံဖော်ထားသည့် ရှုံးအောင်ချစ်မယ့်လူ ရုပ်ရှင်ဇာတ်ကားကြီးတွင် နေတိုး၊ အိန္ဒြာကျော်ဇင်၊ မေတိုးခိုင်နှင့် မင်းသာကီတို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ကိုလင်း

# နိုင်ငံတကာအနုပညာသတင်းပဒေသာ

## ခင်ပွန်းဖြစ်သူဆိုင်မွန်နဲ့ တရားဝင်ကွာရှင်းရန် အဒဲလ်ပြင်ဆင်

နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်တဲ့ အဒဲလ်ဟာ ခင်ပွန်းဖြစ်သူနဲ့ ကွာရှင်းခွင့်ရရေး စက်တင်ဘာ ၁၂ ရက်မှာတော့ တရားရုံးကို လျှောက်ထားလိုက်တယ်လို့ သိရပါတယ်။ ၂၀၁၉ ခုနှစ် ဧပြီလမှာ အဒဲလ်ဟာ ခင်ပွန်းသည်ဖြစ်သူ ဆိုင်မွန်ကွန်နက်ကီနဲ့ လမ်းခွဲတော့မယ်လို့ ကြေညာခဲ့ပါတယ်။

အဒဲလ်နဲ့ဆိုင်မွန်တို့မှာ ခြောက်နှစ်အရွယ် အန်ဂျီလိုလို့ခေါ်တဲ့ သားလေးတစ်ဦးလည်း ရှိပါတယ်။ သားဖြစ်သူကိုတော့ သူတို့နှစ်ဦးသား အတူတကွစောင့်ရှောက်သွားမယ်လို့ ပြောထားပါတယ်။ အဒဲလ်နဲ့ ဆိုင်မွန်တို့ဟာ ရှစ်နှစ်ကြာလက်တွဲခဲ့ကြသူတွေလည်း ဖြစ်ပါတယ်။ အဒဲလ်ဟာ အောင်မြင်သထက်ပိုပြီး အောင်မြင်လာတယ်။ အောင်မြင်လာတာနဲ့အမျှ ခရီးတွေထွက်ရတယ်။ နယ်လှည့်ဖျော်ဖြေပွဲတွေ သွားတယ်။ ကိုယ်ပိုင်အားလပ်ချိန်တွေ နည်းလာတယ်။ ဒါကြောင့်လည်း သူတို့နှစ်ဦးကြား ပိုပြီး ဝေးကွာသွားစေတယ်လို့ သတင်းအရင်းအမြစ်တစ်ခုက အီးနယူးစ်ကို ပြောပါတယ်။

အဒဲလ်နဲ့ဆိုင်မွန်တို့ဟာ ၂၀၁၆ ခုနှစ်မှာ လျှို့ဝှက်စွာ လက်ထပ်ခဲ့ကြပါတယ်။ ၂၀၁၇ ခုနှစ် ဂရမ်မီဆုပေးပွဲမှာ ဆုလက်ခံရယူတော့မှ ခင်ပွန်းသည်ဖြစ်သူကို ကျေးဇူးတင်စကားပြောပြီး လက်ထပ်ထားကြောင်း အသိပေးခဲ့ပါတယ်။ ၂၅ လို့ အမည်ပေးထားတဲ့ အဒဲလ်ရဲ့ တတိယမြောက်အယ်လ်ဘမ်ဟာ အချပ်ရေပေါင်း ၈၀၀၀၀၀ ခန့် ရောင်းရပြီး ၂၀၁၅ ခုနှစ်အတွက် အကောင်းဆုံးအယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ အခုအချိန်မှာလည်း အဒဲလ်ဟာ နောက်ထပ်အယ်လ်ဘမ်အတွက် သီချင်းတွေ အသံသွင်းနေတယ်လို့ သိရပါတယ်။

**အီးနယူး**



အဆိုတော် အဒဲလ်နှင့် ခင်ပွန်းဖြစ်သူ ဆိုင်မွန်။

## ဘရက်ပစ်နဲ့ဆက်ဆံရေးကို ပထမဆုံးအကြိမ်အဖြစ် မက်ဒေါ့ဇ်ပြောပြ

အင်ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်တို့ဟာ ဟောလိဝုဒ်ရဲ့နာမည်ကျော်သရုပ်ဆောင်တွေ ဖြစ်ကြတဲ့အတွက် အောင်မြင် ကျော်ကြားမှုဒဏ်ကို ခံစားရပါတယ်။ သူတို့ရဲ့အသက် ၁၈ နှစ်အရွယ် သားဖြစ်သူ မက်ဒေါ့ဇ်ကလည်း မိဘတွေရဲ့ကျော်ကြားမှုကြောင့် ပါပါရာဇီတွေ ဝိုင်းဝိုင်းလည်နေတဲ့အဖြစ်နဲ့ ကြုံနေရပါတယ်။

အင်ဂျလီနာဂျိုလီကိုယ်တိုင် မက်ဒေါ့ဇ်ကို တောင်ကိုရီးယားနိုင်ငံ ယွန်ဆေးတက္ကသိုလ်မှာ ပညာသင်ကြားဖို့ လိုက်ပို့ပေးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ မက်ဒေါ့ဇ်ထံ ဖခင်ဖြစ်သူ ဘရက်ပစ်ရော လာမှာလားဆိုပြီး မေးမြန်းတဲ့ ပါပါရာဇီတွေနဲ့ ကြုံနေရပါတယ်။ မက်ဒေါ့ဇ်ကတော့ ဘရက်ပစ် လာ မလာ မသိဘူးလို့ပဲ ပြန်ဖြေခဲ့ပါတယ်။ နောက်ပြီး ဘရက်ပစ်နဲ့ ဆက်ဆံရေးပြီးဆုံးသွားပြီလားလို့ မေးတဲ့အခါမှတော့ ဘာတွေပဲဖြစ်လာဖြစ်လာ လက်ခံရမှာပေါ့လို့ ပြန်ဖြေခဲ့ပါတယ်။ မက်ဒေါ့ဇ်ဟာ တက္ကသိုလ်မှာ ဇီဝဓာတုဘာသာရပ်ကို ယူထားပါတယ်။ မက်ဒေါ့ဇ်ကသာ သူ့ဆီကိုလာလည်ဖို့ ဖိတ်ခေါ်ခဲ့ရင် ဘရက်ပစ်လာဖို့ မခဲယဉ်းပါဘူး။ ဘာလို့လဲဆိုတော့ ဘရက်ပစ်ဟာ စက်တင်ဘာ ၁၁ ရက်မှာ ဂျပန်နိုင်ငံ တိုကျိုမြို့ကို ရောက်နေလို့ပါပဲ။ မက်ဒေါ့ဇ်ဟာ သူနဲ့ ဖခင်ဖြစ်သူ ဘရက်ပစ်ရဲ့ဆက်ဆံရေးကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့တာပါပဲ။

လွန်ခဲ့တဲ့သုံးနှစ်ခန့်က သူတို့နှစ်ဦးကြား အော်ကြီးဟစ်ကျယ် အငြင်းအခုံတွေ ဖြစ်ခဲ့ကြတယ်လို့ သတင်းတွေထွက်ပေါ်ပြီးတဲ့နောက် ဘရက်ပစ်အကြောင်းကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ကိုယ်ပိုင်လေယာဉ်နဲ့ ခရီး ထွက်စဉ် ဘရက်ပစ်နဲ့ မက်ဒေါ့ဇ်တို့ကြား အော်ကြီးဟစ်ကျယ်ငြင်းခုံမှုတွေ ဖြစ်လာခဲ့ပြီး အဲဒီဖြစ်ရပ်ကြောင့်လည်း ဘရက်ပစ်နဲ့ ဂျိုလီတို့ရဲ့လက်ထပ်မှု အဆုံးသတ်သွားတာလို့လည်း ပြောကြပါတယ်။

**ဟောလီးဝုဒ်လိုက်ဖ်**



အင်ဂျလီနာဂျိုလီ၊ မက်ဒေါ့ဇ်၊ ဘရက်ပစ်။



# တျာချင်း/တယာဂျင်း/နှင့် တျ-တြ

**မောင်ခင်မင် (ဓနုဖြူ)**

"သမီး ပူပူနွေးနွေးကြုံခဲ့ရတဲ့ကိစ္စတစ်ခု ဘဘကို ပြောပြချင်ပါတယ်"

"ပြောလေသမီး၊ ဘာကိစ္စပါလိမ့်"

"သမီးတာဝန်ကျလို့ ဆယ်တန်းမြန်မာစာ ဆရာ ဆရာမတွေရဲ့ သင်ကြားရေးဆွေးနွေးပွဲတစ်ခုကို သွားဆွေးနွေးရပါတယ် ဘဘ"

"ဟုတ်ပါပြီ"

"အဲဒီမှာ မြန်မာစာပြဋ္ဌာန်းစာအုပ်ထဲက ကဗျာ တစ်ပုဒ်အကြောင်း ဆွေးနွေးရပါတယ်။ ကဗျာက ဝန်ကြီးပဒေသရာဇာရဲ့ လယ်သမားဘွဲ့ တျာချင်းပါ ဘဘ"

"အဲဒီတော့...သမီးက လယ်သမားဘွဲ့'တျာချင်း' အကြောင်း ဆွေးနွေးပါမယ်လို့ ပြောရုံရှိသေး ဆွေးနွေးပွဲတက်တဲ့ ဆရာမတွေ တော်တော်များများက ဟာ... အသံထွက်မှားနေပြီ' ဆိုပြီး သမီးကို ဝိုင်းရယ်ကြပါတယ်"

"ဩော်"

"သမီးက 'ဘယ်ဟာမှားလို့လဲ' လို့မေးတော့ သူတို့က ဘာပြောသလဲဆိုရင် ဆရာမလေးက 'တြာချင်း' ကို 'တျာချင်း' လို့ မှားပြောနေလို့ပါတဲ့။ 'တြာချင်း' လို့ ရရစ်သံနဲ့ အသံထွက်မှမှန်တယ်တဲ့"

"ဟယ် -ဒုက္ခပါပဲ"

"သမီးကလည်း ရှင်းပြပါတယ်။ ယပင့်မှ ယသံထွက်ပါတယ်၊ ရရစ်ဆိုရင် ရကောက်သံ လျှာလိပ်သံထွက်ပါတယ်။ ဒါကြောင့် တြာချင်းလို့ မထွက်ရပါဘူး၊ 'တျာချင်း' လို့ ထွက်မှ မှန်ပါတယ်လို့ ရှင်းပြတာ လက်မခံကြဘူး ဘဘ။ သူတို့မြန်မာစာသင်လာတာ ကြာပြီ။ တျာချင်းဆိုတာ တစ်ခါမှမကြားဖူးပါဘူး။ တြာချင်းလို့ပဲ အမြဲအသံထွက်တာပါဆိုပြီး သမီးကို ငြင်းလွတ်ကြတယ် ဘဘ။ သမီးလည်း အဲဒီကိစ္စ ဆက်မဆွေးနွေးတော့ဘဲ ဒီ့ပြင်အကြောင်းအရာကို ပြောင်းပြီးပြောရတော့တာပေါ့"

"ဟုတ်ပါပြီ ဟုတ်ပါပြီ။ သူတို့ အသံထွက်မှားနေတာကို မှားမှန်မသိဘဲ ငြင်းနေတော့ သမီးရှင်းပြရ ခက်တာပေါ့နော်"

"ဟုတ်ပါတယ် ဘဘရယ်"

"ကဲ ... ဘဘ ပြောပြမယ်။ တကယ်တော့ တဝမ်းပူ ယပင့်နဲ့ ရေးရတဲ့စာလုံးရော၊ တဝမ်းပူ ရ ရစ်နဲ့ ရေးရတဲ့ စာလုံးရော အရေအတွက်များများစားစား မရှိပါဘူးကွယ်။ သမီးသိမှာပါ"

"သိပါတယ် ဘဘ။ ဒါပေမယ့် သမီးက ရေလည်အောင် ရှင်းမပြတတ်ပါဘူး။ ဘဘရှင်းပြပေးပါနော်"

"တဝမ်းပူ ယပင့် ရင် သမီးပြောသလို တယာလို့ အသံထွက်ရတယ်လေ။ ဒီတော့ တျာကို/ တယာ/ လို့ အသံထွက်ရတာပေါ့"

(အသံထွက်ပုံကို ရေးပြလိုက်ပါသည်။ )

"သမီးသိတဲ့အတိုင်း ဒီအသံထွက်ဟာ မြန်မာအဘိဓာန်မှာ ဖော်ပြထားတဲ့ အသံထွက်အမှန်ပဲ သမီးရဲ့။ သမီးတိတိကျကျပြောနိုင်အောင် ဘဘ ပြောမယ်။ ဒါက ၂၀၁၈ ခုနှစ်မှာ မြန်မာစာအဖွဲ့က တတိယအကြိမ်ပုံနှိပ်တဲ့ မြန်မာအဘိဓာန်ပဲ။ စာမျက်နှာ ၁၅၇ ကို လှန်လိုက်စမ်းပါ။ 'တျာချင်း' ဆိုတဲ့ တည်ပုဒ်ကို တွေ့မှာပေါ့"

"တွေ့ပါပြီ ဘဘ။ 'တျာချင်း' ကို /တယာဂျင်း/ လို့ အသံထွက်ပြထားပါတယ်"

"အနက်ဖွင့်ပုံကို ပြောပါဦး။ ဘယ်လိုဖွင့်သလဲ"

"ထံတျာ၊ တေတျောအသံများအနက် တျာသံနှင့်သီကျူးသော ကဗျာသီချင်းလို့ ဖွင့်ပါတယ် ဘဘ"

"မြန်မာ့ဂီတမှာ သံစဉ်ခုနစ်ပါး ရှိတယ်။ အဲဒီအထဲက မူတည်တဲ့အသံကို တျာသံလို့ ခေါ်တယ်။ /တယာသုန်/လို့ အသံထွက်ကို ပြထားတယ်"

"ဟုတ်ကဲ့ပါ"

"ကဲ... နောက်မှ အေးအေးဆေးဆေးရှာကြည့်ပေါ့။ အခု တဝမ်းပူယပင့်နဲ့ ရေးရတဲ့ စာလုံးတွေကို ဘဘ ပြောမယ်။ 'တျာတျာ' ဆိုတာ သိလား။

"'နီတျာတျာ' လို့ သုံးတာတွေ့ဖူးပါတယ် ဘဘ"

"ဟုတ်တယ်။ 'တျာတျာ' ဆိုတာ နီးမြန်းသောလို့ အဓိပ္ပာယ်ရတယ်။ 'နှုတ်ခမ်းနီတျာတျာ'၊ 'နီတျာနှုတ်ခမ်း' ဆိုတာမျိုး သုံးကြတယ်။ /နီတယာတယာ/လို့ အသံထွက်ရတယ်"

"ဟုတ်ကဲ့ပါ"

"'တျားတျား' ဆိုတာရော သိသလား"

"မသိပါဘူး ဘဘ"

"'တျားတျား' ဆိုတာ 'လုနီးပါ၊ ဆဲဆဲ' လို့ အဓိပ္ပာယ်ရတယ်။ ရှေးကသုံးတာပေါ့။ 'ရောက်လုတျားတျား' ဆိုရင် ရောက်ခါနီးဆိုတဲ့ အဓိပ္ပာယ်ရတယ်။ 'မာတျက်တျက်' လို့ သုံးတာပေါ့"

"ဟုတ်ကဲ့ပါ"

"'ရောက်လုဆဲဆဲ' လို့ အဓိပ္ပာယ်ရတာပေါ့"

"ဟုတ်ကဲ့ မှတ်ထားပါ့မယ်"

"နောက်တစ်လုံးက 'တျင်းတျင်း' တဲ့၊ ဒီစကားလည်း ရှေးကသုံးတာပဲ။ အကုန်အစင်လို့ အဓိပ္ပာယ်ရတယ်။ 'ကုန်တျင်းတျင်း' လို့ စာထဲမှာ သုံးတယ်"

"ဟုတ်ကဲ့ပါ"

"ဂီတသံစဉ်တွေထဲမှာ 'တျာသံ' လိုပဲ 'တျောသံ' ဆိုတာရှိတယ်။ အဲဒီစာလုံးကိုလည်း တဝမ်းပူ ယပင့်နဲ့ ရေးရတယ်။ နောက်တစ်လုံးက 'တျက်တျက်' ဆိုတာ ရှိတယ်။ ဒီအဘိဓာန်မှာတော့ ပြမထားဘူး။ မာတယ်ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ 'မာတျက်တျက်' လို့ သုံးတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ တဝမ်းပူ ယပင့်နဲ့ရေးရတဲ့ စာလုံးတွေကို စုလိုက်ရင် 'တျာချင်း၊ တျာသံ၊ တျာတျာ၊ တျောသံ၊ တျက်တျက်၊ တျင်းတျင်း' ဆိုတဲ့ စာလုံးတွေပဲရှိတယ်။ အားလုံးကို ယပင့်သံနဲ့ အသံထွက်ရတယ်။ ရရစ်သံနဲ့ ထွက်ရင်မှားတယ် "

" ဟုတ်ကဲ့ပါ "

"သမီးကိုပြောရဦးမယ်။ တစ်ခါက ဘဘရဲ့တပည့်တွေကို ဘဘ ကြိမ်းဖူးတယ်။ 'တျာချင်း' ကို တြာချင်း /တရာဂျင်း/ဆိုပြီး ရရစ်သံ၊ ရကောက်လျှာလိပ်သံနဲ့ မှားဖတ်သံကြားရင်း ဖတ်တဲ့သူကို လျှာထုတ်ခိုင်းပြီး ဆွဲဆိတ်မယ်...လို့။ ဒါမှသူတို့ မမှားမှာလေ။ သမီးလည်း သမီးတပည့်တွေကို စမ်းချင်စမ်းကြည့်ပေါ့"

"အောင်မယ်လေး၊ မလုပ်ပါနဲ့ဘဘရယ်။ သမီး သူတို့ကို မပြောရဲပါဘူး"

"ကဲ ... ဆက်ပြီး တဝမ်းပူရရစ်တဲ့ တြသံအကြောင်း ပြောမယ်။ အသုံးအများဆုံးကတော့ 'တြိ' ဆိုတဲ့ စကားလုံးပဲ။ /တရိ/ လို လျှာလိပ်သံနဲ့ ထွက်ရတယ်။ အဓိပ္ပာယ်သိသလား"

"တြိဆိုတာ နံပါတ်သုံးပါ ဘဘ"

"ဟုတ်တယ်။ တြိဆိုတာ သက္ကတစကားပေါ့။ မြန်မာက အဲဒီစကားလုံးကို မွေးစားပြီး အချိုးသုံးချိုးရှိတဲ့ကဗျာကို 'တြိချိုး' လို့ ခေါ်တယ်မဟုတ်လား။ /တရိချိုး/ လို့ ဖတ်ရတာပေါ့"

" တြိဂံလည်းရှိတယ်နော် ဘဘ"

"ဟုတ်တာပေါ့။ ထောင့်သုံးထောင့်ပါတဲ့ပုံကို တြိဂံလို့ ခေါ်တာပဲလေ။ စာပေထဲမှာ 'တြိဖလ' တို့၊ 'တြိဒေါသ' တို့ဆိုတဲ့ အသုံးတွေရှိတယ်။ တြိကတော့ နံပါတ်သုံးကို ဆိုလိုတာပဲ"

"ဟုတ်ကဲ့ပါ"

"သမီးတော့ ကြားဖူးမလား မသိဘူး။ ဧရုတ်ကောင်းရယ်၊ ပိတ်ချင်းရယ်၊ ဂျင်းရယ် သုံးမျိုးပေါင်းထားတဲ့ ဆေးကို 'တြိကဋုက်' လို့ခေါ်တယ်။ အဲဒီမှာလည်း 'တြိ' က သုံးပဲလေ"

"မကြားဖူးပါဘူး ဘဘ"

"နောက်တစ်လုံးရှိသေးတယ်။ 'တြင်း' ဆိုတဲ့ အသုံးလေ။ ဗေဒင်မှာသုံးတဲ့ စကားပဲ။ တစ်ရာသီရဲ့ သုံးစိတ်တစ်စိတ်ကို 'တြင်း' လို့ခေါ်တယ်။ ဗေဒင်တွက်ရာမှာ 'တြင်းကျေ နဝင်းကျေ' ဆိုတဲ့ အသုံးရှိတယ်။ ကိန်းဂဏန်းတစ်ခုကို သုံးနဲ့စားလို့ပြတ်ရင် တြင်းကျေတယ်လို့ ခေါ်တယ်။ ကိုးနဲ့စားလို့ပြတ်ရင် နဝင်းကျေတယ်လို့ ခေါ်တယ်"

"ဟုတ်ကဲ့ပါ"

"ဒီတော့ တဝမ်းပူရရစ်နဲ့ရေးရတဲ့ စာလုံးတွေကို စုလိုက်ရင် များများစားစား မရှိပါဘူး။ တြိရယ်၊ တြင်းရယ် အရင်းခံက ဒီနှစ်လုံးပဲရှိတာပါ။ တြိချိုးတို့၊ တြိဂံတို့က သမီးနဲ့ရင်းနှီးပြီးသားပါ။ ဒီစကားလုံးတွေကို ရကောက် လျှာလိပ်သံနဲ့ ဖတ်ရတယ်"

"နားလည်ပါပြီ ဘဘ"

"ဒီတော့ မြန်မာစာအဖွဲ့ကထုတ်တဲ့ မြန်မာအဘိဓာန်ကို အကိုးအကားပြုပြီး ဘယ်စာလုံးကို 'တျ' နဲ့ ရေးရတယ်။ ဘယ်စာလုံးကို 'တြ' နဲ့ ရေးရတယ်ဆိုတာ သမီးတပည့်တွေကိုရော၊ ဆွေးနွေးပွဲမှာ မြန်မာစာအကြောင်းဆွေးနွေးမယ့် ဆရာ ဆရာမတွေကိုရော အကျိုးသင့် အကြောင်းသင့် ရှင်းပြလိုက်ပေါ့ကွယ်"

"ကျေးဇူးတင်ပါတယ် ဘဘ"

> **"တဝမ်းပူယပင့်နဲ့ရေးရတဲ့ စာလုံးတွေကို စုလိုက်ရင် 'တျာချင်း၊ တျာသံ၊ တျာတျာ၊ တျောသံ၊ တျက်တျက်၊ တျင်းတျင်း' ဆိုတဲ့ စာလုံးတွေပဲရှိတယ်။ အားလုံးကို ယပင့်သံနဲ့ အသံထွက်ရတယ်။ ရရစ်သံနဲ့ထွက်ရင် မှားတယ် "**
>
> **" ဟုတ်ကဲ့ပါ "**
>
> **"သမီးကိုပြောရဦးမယ်။ တစ်ခါက ဘဘရဲ့တပည့်တွေကို ဘဘ ကြိမ်းဖူးတယ်။ 'တျာချင်း' ကို တြာချင်း/တရာဂျင်း/ဆိုပြီး ရရစ်သံ၊ ရကောက်လျှာလိပ်သံနဲ့ မှားဖတ်သံကြားရင်း ဖတ်တဲ့သူကို လျှာထုတ်ခိုင်းပြီး ဆွဲဆိတ်မယ်...လို့။ ဒါမှ သူတို့မမှားမှာလေ"**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**ဇီးကုန်း စက်တင်ဘာ ၁၃**

အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဇီးကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

အဆိုပါစုပေါင်းသွေးလှူခြင်းကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းနှင့် ဒုရဲမှူး ခင်မောင်ကျော်တို့က ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် သွေးလိုအပ်နေသောလူနာများအတွက် ရဲတပ်ဖွဲ့ဝင် ၁၀ ဦးက သွေးလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**တင့်ဆွေ (ဇီးကုန်း)**

# ဒုတိယဝန်ကြီး ဦးစိုးအောင် ပေကျင်းမြို့အခြေစိုက် ''UN-SPIDER'' ရုံး၏ (၁၀)နှစ်ပြည့်အခမ်းအနားနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အာကာသအခြေပြုနည်းပညာများမှ သတင်းအချက်အလက်များအသုံးချခြင်း မူဝါဒပိုင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ တက်ရောက်

**နေပြည်တော စက်တင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် စက်တင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သော ပေကျင်းမြို့အခြေစိုက် "UN-SPIDER" ရုံး၏ (၁၀)နှစ်ပြည့် အခမ်းအနားနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် အာကာသအခြေပြုနည်းပညာများမှ သတင်းအချက်အလက်များ အသုံးချခြင်းမူဝါဒပိုင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့တက်ရောက်ခဲ့သည်။

" UN- SPIDER " ရုံး၏ (၁၀) နှစ်ပြည့်အခမ်းအနားနှင့် ညီလာခံဖွင့်ပွဲကို တရုတ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Zheng Guoguang က ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီး ဦးစိုးအောင်ကလည်း ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပြီးနောက် အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်သည် အခမ်းအနားတက်ရောက်လာသော အခြားကိုယ်စားလှယ်များနှင့်အတူ Mr.Zheng Guoguang နှင့် တွေ့ဆုံ၍ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များ၊ အာကာသအခြေပြုနည်းပညာများအသုံးပြု၍ သတင်းအချက်အလက်ရယူရေး ကိစ္စရပ်များတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ တရုတ်-အာဆီယံ အစီအစဉ်နှင့် မဲခေါင်-လန်ချန်းအစီအစဉ်များ ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ညီလာခံသို့ တက်ရောက်၍ မြန်မာနိုင်ငံအနေဖြင့် " UN-SPIDER " နှင့်ပူးပေါင်း၍ ဂြိုဟ်တုပုံရိပ်သုံးနည်းပညာ (Remote Sensing ) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ် (GIS ) တို့ကို ပေါင်းစပ်အသုံးချဆောင်ရွက်နေမှုများ၊ ဆန်ဒိုင်းမူဘောင်လုပ်ငန်းစဉ် (၅)ရပ်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် နည်းပညာများ တိုးတက်အသုံးချ ဆောင်ရွက်နေမှုများနှင့်ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့သည်။




ဒုတိယဝန်ကြီး ဦးစိုးအောင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အာကာသအခြေပြုနည်းပညာများမှ သတင်းအချက်အလက်များ အသုံးချခြင်းမူဝါဒပိုင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံသို့ တက်ရောက်ဆွေးနွေးစဉ်။

ထို့အပြင် ညီလာခံသို့ တက်ရောက်လာသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် UN-SPIDER, Asian Disaster Preparedness Centre (ADPC)၊ Asian Disaster Reduction Centre (ADRC) တို့နှင့်လည်း လုပ်ငန်းပိုင်းဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို ဆွေးနွေးခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ၂၀၁၇ခုနှစ်မှစတင်၍ International Charter "Space and Major Disasters" အား တရားဝင် အသုံးပြုခွင့်ရရှိထားပြီးဖြစ်ကာ ကမ္ဘာမြေစောင့်ကြည့်လေ့လာရေးဂြိုဟ်တုများနှင့် အာကာသအခြေပြုသတင်းအချက်အလက်နည်းပညာများမှတစ်ဆင့် ရရှိလာသောသတင်းအချက်အလက်များ ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များတွင် ထည့်သွင်းအသုံးချ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သွားမြစ်တု အစားထိုးဆေးကုသမှုပညာ စာတွေ့လက်တွေ့သင်တန်းများ ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် နေပြည်တော် ၁၃**

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ရန်ကုန်နှင့် ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်တို့အကြား နှစ်နိုင်ငံပညာရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာအတွင်း ကျင်းပခဲ့သည့် သွားမြစ်တု အစားထိုးဆေးကုသမှုပညာ စာတွေ့လက်တွေ့သင်တန်း(၄)ခု ပြီးမြောက်အောင်မြင်သည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါတက္ကသိုလ် သဟဇာတခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြင်ပြီးမြောက်ခဲ့သည့် ဆရာ ဆရာမ ၁၀ ဦးတို့ကို တာဝန်ရှိသူများက အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

**နေပြည်တော် စက်တင်ဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ် သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၁-၅၄၁၄၃၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃ ၊ Email-epprmyanmar @ gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ကမ်းလွန်လုပ်ကွက်အမှတ် Block M-9 West တွင် Drilling Campaign လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 West တွင် Drilling Campaign (Call Sign : A8BM6) ဖြင့် Point(A) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၇ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ၀၆ စက္ကန့်၊ Point(B) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၂၃ ဒသမ ၈၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၀ ဒသမ ၂၁ စက္ကန့်။

Point(C) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၄၁ ဒသမ ၂၈ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ် ၂၁ ဒသမ ၇၁ စက္ကန့်၊ Point(D) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၄၁ ဒသမ ၆၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၄၇ ဒသမ ၉၀ စက္ကန့်။

Point(E) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၉ မိနစ် ၅၀ ဒသမ ၅၀ စက္ကန့်၊ Point(F) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့် ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်။

